# ဟစ်တလာ-ချိန်ဘာလိန်

## ဘယ်သူမှားသလဲ

ရေးသူ-သိန်းဖေ

ထုတ်ဝေသူ-
**မောင်သိန်းဖေ**
၂၃၊ ၄ ရပ်ကွက်လမ်း၊
စမ်းချောင်း၊
ရန်ကုန်။

# အမှာ။

“ကျွန်ုပ်တို့သည် အဆကြာ ဥာဏ်ကော်နှင့်ရေးဆစ်ရန်ကြာ ကြောင်းကို ထပ်တလဲလဲ ကြေညာခဲ့ပြီ၊ ယခု ဖြစ်သနေ့ကို ငြိတွေ့ အခက်အခဲတွေ့နေမှု၊ အမြတ် ထုတ်ယူသော သဘောဖြင့်၊ ကျွန်ုပ်တို့စဉ်းစားလိမ့်မည် မဟုတ်ပေ။

“ဤစစ်ကြီးသည်၊ အားလုံးသောအရာတို့ကို ပြောင်း လဲဖြစ်လိမ့်မည်၊ ရှေးစံနစ်တို့ကား၊ ဘဝဆုံးလေပြီ။ ပြန် ၍အသက်မရှင်နိုင်တော့ပြီ။ ကျွန်ုပ်တို့သည် စံနစ်သစ်တ ခုတည်ဆောက်မည်ဆိုပါက၊ သတိတရား-အသိတရားတို့ ဖြင့်၊ တည်ဆောက်ကြရို့၊ စံနစ်သစ်ကို သေသေချာချာ အဓိပ္ပါယ်ဖေါ်ကြရို့၊ ဖေါ်ပြီးသောအဓိပ္ပါယ်အရ၊ မိမိဝေ လုပ်ကြရို့။ ဒီမိုကရေစီ* ပွင့်၍ လွတ်လပ်သောစံနစ်က တဘက်၊ ဖက်ဆစ်ပွင့်၍၊ အရေးကြီးလွန်သူ တဘက်၊ အတိုက်အခံဖြစ်နေလေသော၊ ကျွန်ုပ်တို့၏ ဝေဒနာသည်၊ ဒီမိုကရေစီတို့ဘက်သို့ ညွှတ်ရမည်မှာ မသွေမရှောင်သာ ပေ။ ထင်ရှားဖြင်-အရေးကြီးလွန်ကြသော ဖက်ဆစ်များက၊ နှိပ်စက်အုပ်ချုပ်ခြင်းကို၊ ကျွန်ုပ်တို့သည် တွေး၍မျှ မတွေး ကြလိုပေ။

---

*ဒီမိုကရေစီနိုင်ငံများဟုဆိုသည်မှာ၊ အင်္ဂလန်၊ ပြင်သစ်၊ အမေရိက *သည်တို့ကိုဆိုလိုသည်။ ဖက်ဆစ်နိုင်ငံများဟုဆိုသည်မှာ၊ ဂျာမနီ၊ ဂျပန် ဣတလီ-စသည်တို့ကိုဆိုလိုသည်။

'အိန္ဒိယသည်၊ သူ့တာဝန်ကို သုံးလေကြောစေလို သည်။ ရှင်းပြင် စံနှုန်းသစ်ကြီးကို၊ တည်ဆောက်ရေးအတွက်၊ တိုက်ပွဲတွင်အိန္ဒိယ၏ *အား၊ ပစ္စည်းအားတို့ကို အသွန်ထည့်လိုက်စေလိုသည်။ ယင်းတို့သည်၊ သင်တို့၏အမြင်တိုဘေးဂုဏ်ပြုမှုနှင့်၊ အသေးအဖွဲ့ အငြိုးအခံဖြစ်မှုကလေးများကို၊ ရှုမ္ဘိပယ်နိုင်လောက်အောင်အားရှိသိမ့်မည်ဖြစ်ပါလိမ့်မည်ဟု၊ ကျွန်ုပ်မြော်လင့်သည်၊ အိန္ဒိယပြည်၏လွတ်လပ်ရေးနှင့်၊ ကမ္ဘာတွင် စံနှုန်းသစ်ကြီးထူထောင်ရေးကိုသဘောမိုက်၍ အခါအခွင့်နှင့်လျော်ညီစွာကြိုးစားကြလိမ့်မည်ဟုမြော်လင့်ရပါသည်။

ဂျဝါဟာလာနေရူး

၁၈-၉-၃၉-( Through A. P.)

ဤဝါဒစုပ်ယောင်ကို ဘတ်သွားသောအခါ၊ ဤဒေနရူး၏ အဘဓောင်ကို၊ နှလုံးသွင်းထားစေလိုပါကြောင်း။

# မာတိကာ


၁—ချိန်ဘာလိန်ကစစ်မတိုက်လို

၂—ဗိဿလေးအစားဗုံးကိုကိုင်ရသော ကုန်သည်

၃—စစ်သုံးမျိုး

၄—လက်အောက်ခံနိုင်ငံတို့၏မျက်လုံးများ

၅—စီးပွားရေးချောက်ကြီးများ

၆—ကိုလိုနီလုပ်ပွဲများ

၇—ဟစ်တလာကောင်းမှု

၈—လက်နက်ပွဲကြပြီ

၉—အချင်းများစေသည့်နေရာများ

၁၀—ဘယ်သူ့မှားသလဲ

( ၁ )

# ချိန်ဘာလိန်ကစစ်မတိုက်လို

"ယနေ့သည်- ကျွန်ုပ်တို့ အားလုံးအဖို့၊ ဝမ်းနည်းဖွယ်ကောင်းသောနေ့ဖြစ်ပါသည်။ ကျွန်ုပ်အဖို့ထက်၊ မည်သူ့အဖို့မျှ ပို၍ဝမ်းနည်းဖွယ် မဖြစ်နိုင်ပါ၊ ကျွန်ုပ် လုပ်ခဲ့သော အလုပ်တိုင်း၊ ကျွန်ုပ်မျှော်လင့်ခဲ့သောအရာတိုင်း၊ အများအကျိုးကိုဆောင်ရွက်ရာ၌၊ ကျွန်ုပ်ယုံကြည်ချက်တိုင်းတို့သည်၊ ယခုအခါ- ပြိုလဲကုန်လေပြီ။ ....."

"ငြိမ်းချမ်းရေးရပါမည့်အကြောင်း ကြာရှည်စွာ ကြိုးစားလာခဲ့သော ကျွန်ုပ်အတွက်၊ ဤအချက်သည် မည်မျှအသည်းနာစေမည်ကို၊ သင်စဉ်းစားယင် စဉ်းစားနိုင်မည်မဟုတ်ပါ။ ....."

'ယခုမူ ကျွန်ုပ်အတွက်၊ သက်သာရာရသော ရှိစေတော့သည်၊ ကျွန်ုပ်တို့အင်အားရှိလေမျှ၊ တန်ခိုးရှိသလောက်ဖြင့်၊ အောင်မြင်အောင် တိုက်ခိုက်ပြီးသော်၊ ကျွန်ုပ်တို့မျှိုးခံ၍ လုံးပန်းခဲ့သော ငြိမ်းချမ်းရေးကို၊ ပေါ်မည်ဟုမျှော်လင့်မိသည်၊ ယခုစစ်ပွဲတွင်၊ ကျွန်ုပ်ဘယ်အခန်းက၊ ပြုနိုင်မည်ကို ကျွန်ုပ်မပြောနိုင်ပါ၊ ဥရောပတိုက်တွင်လွှတ်ထော

ခေးဖြန့်ထည်ရှင်နှင့်၊ ယင်းသလော ပါကိုမြို့ချက်
ပြီးသော အခွေနေကော်ကြီး၏မြို့ပြိုမ်မှုမြောင်ပြည်ဟု၊ ကျွန်ုပ်အား
ထေး ပြကြည်းသတ်ပါသည်။"

စသည်ဖြင့်၊ စက်တင်ဘာလ ၃-ရက်နေ့တွင်၊ အင်္ဂလန်က–ဂျာမနီကို စစ်ဝင်တော့ပြီဟု ကြေညာခြင်း၊ အင်္ဂလန် နန်းရင်းဝန်ကြီး–ချိန်ဘာလိန်က မိန့်မြွက်ခဲ့လေသည်။

ဟုတ်ပေသည်။ ချိန်ဘာလိန်(ဝ်)ဗြိတိသျှ အစိုးရအား လောကယ်ပင် စစ်မတိုက်လိုခဲ့ပေ။ စစ်မတိုက်ရန်အကြံကြံ၍ကြိုးစားခဲ့လေသည်။ ယခုစစ်ဖြစ်ခါနီး တဲတဲတွင်ပင်၊ ချိန်ဘာလိန်သည်၊ ဂျာမနီပြည်ရှိ–ဗြိတိသျှသံအမတ်ကြီး–ဆာဟင်ဒါဆင်ကို၊ ဟစ်တလာထံသို့ အကြံကြံ၍–အခေါက်ခေါက်စေလွှတ်ကာ၊ စေ့စပ်ခဲ့သေးသည်။ (ဩဂုတ်လ ၂၄–ရက်နေ့က စ၍၊ စက်တင်ဘာလ ၂ ရက်နေ့တိုင်)

ချိန်ဘာလိန်တို့သည်၊ အဘယ်ကြောင့် စစ်မဖြစ်ချင်သနည်း။ ဟစ်တလာ ကို ကြောက်၍လော။ ဗြိတိသျှတို့မှာ အားအင် 'ကုန်ခမ်းနေ၍ပင်လော။ လက်ဘောကလို နိုင်ငံရေး "တောမီးလောင် ဘောကြောင် သတ်ခမေဒင်းခတ်" ကြမည့် ပုံရိုးရှိ၍ပေလေသလား။

၁၉၁၄–၁၈ ခုက ကမ္ဘာစစ်ကြီး၏ အဖြစ်အပျက်များသည်၊ ချိန်ဘာလိန် စသော ဗြိတိသျှအစိုးရများ၊ ကမ္ဘာသူကမ္ဘာသားများ၏ မှတ်သားဥာဏ်တွင်၊ စိမ်းလန်း–ထင်

ဆပ်ရွာရှိနေသေးသည်။ ထိုအဖြစ်အပျက်များကို၊ သေ သည်တိုင်အောင်လည်း မေ့နိုင်ကြမည်မဟုတ်ပေ။

ထိုပထမစစ်ပွဲကြီးအတွင်းကျ၊ပစ်ဒဏ်ကြောင့် သေ ကြေပျက်စီးသော စစ်သား-အရပ်သားအားလုံးပေါင်း၏ အရေအတွက်မှာ၊ ၄၁,၄၃၅,၀၀၀-ဖြစ်လေသည်။ အ ကြမ်းအားဖြင့်ဆိုသော်၊ ကမ္ဘာရှိသမ္ဘာသူများ၏ အပုံလေး ဆယ်ပုံ ၁ ပုံဖြစ်လေသည်။ (International Parliam-ertary Union of Inquiry 1931.)

သေသူကား ဤမျှများလှသည်မှာ သာ၍ ကျိုးရုံ ကန်း ရုံ၊ လူစဉ်မမှီရုံခံနေရသူတို့ကား၊ သိန်းပေါင်း၊ များစွာရှိ သေး၏။

ဗုံးကြဲချလိုက်သဖြင့်၊ တိုက်ပျက်ကြီးတခုကိုစဉ်းစား ကြည့်ကြစို့။ ခေါင်တခေါင်တွင်၊ ဆယ်ခပ်မျှမြင့်သောအုတ် ထရံသည်မပြိုတကျန်ရစ်၍၊ ထိုအပေါ်တွင်တံခါးကြီး များကာရပ်သေးလိုက်၏။ အကျိုးအပဲ့၊ သံတိုင် ဒုင်ကွပ် အားလုံးကို၊ ထိုအပေါ်တွင်ဖိနေကြ၏။ အထဲတွင် တိုက် ကလေးဖြစ်နေ၏။ အပေါက်မှ၊ လေဝင်စရာမရှိ၊ တိုက်ထဲ တွင် သားအမိ ၂ ရသည်၊ ပိနေ၏။ သူတို့သည်၊ ထွက် ပေါက်ရှာရင်းမောဟိုက်၍လဲကျနေ၏။ အကူအညီအော်၍ ခေါ်ဟစ်သော်လည်း၊ ဘယ်ကမျှမကြား။ အနီးအနားတွင်၊ ကူညီမည့်သူမရှိ၊ လူတို့သည် ဗုံးကြောက်သဖြင့် ထွက် ပြေးကြလေပြီ။ သားအမိ ၂ ရသည်၊ လေ လောင်းရှာမရသ ဖြင့်၊ တယောက်လည်ပင်း တယောက်ဖက်၍ မေ့လဲသွား

ကြွငတော့၏။ ရေတ်တိုက်ခေါင်နံရံကလေးသည်၊ တိုက်ရှင်ကို အရှင်လတ်လတ်မြေမြှုပ်သောဂူဖြစ်သွားတော့၏။

အပျက်အစီးတို့ ကြားမှ၊ တဆန့်ငင်ငင် လှုပ်ရှားနေသော လက်နှစ်ချောင်းကိုလည်း၊ သင် မြင် ရမည်။ ကွေး ချည်-ဆန့်ချည် ဖြစ်နေသော ခြေထောက် နှစ်ချောင်းကိုလည်း၊သင်မြင်ရမည်။လူသေတွေ-အလောင်းကောင်းတွေကို မြေမြှုပ်နိုင်တော့ သဖြင့်၊လမ်းတစာ-ဝက်စာ ကျွေးထားရသည် ကိုလည်း၊တောင်ပုံ သာပုံ တွေ့ရမည်။ လမ်းပေါ်တွင်လူသေကောင်တွေ များလှရာ၊ ဖယ်ရှားရှုမနိုင်တော့သဖြင့်၊ စစ်လက်နက်တင် ကားကြီးများသည်၊ အလောင်းတွေပေါ်ကိုလမ်းလုပ်ပြီး မောင်းသွားသည်ကိုလည်းကြုံရသည်။

သင်သည် ယင်ထောင်သော စက္ကူကို မြင်ဖူးသည်မဟုတ်လော၊ စက္ကူပေါ်တွင်ယင်ကောင်တို့သည်၊ မဲနေ၏။ ထိုအတူ ခေါင်းပြတ်များသည်၊စစ်မြေပြင်ပေါ်တွင် မဲနေ၏။ဤကား-ကျွန်ုပ်ကပိတ်ကူးဖွဲ့ဆိုသည်ဖြင့်၊ ထင်ရာရေးနေသည်မဟုတ်၊ တခါက ရုပ်ရှင်ထဲက သတင်းဓာတ် တလောက်က၊ ကိုယ်တွေ့ ပေါ်ပြထားသော ကြေငြာနှုန်းသတင်းတချက်ကိုမှတ်မိသဖြင့်ရေးခြင်းဖြစ်ပေသည်။

ထိုကိုယ်တိုင်ရုံး အနေ့တွေ ရုတ်ပြတ်နေသဖြင့်၊ အရေရေတ်ထားသောဆိပ်ကောင်ကြီးနှင့်တူနေသူတွေလည်း၊ အများရှိ၏။သေသွားလျှင်ကားတော်သေး၏။ ယခုသော်အသက်ကားရှင်နေ၍၊တွေးတောမိမိနှင့်ခံစားနေရ၏။ ထိုသူ

ဘိုကိုဆေးကုသဖြင့် ပျောက်ကင်းပါသော်လည်း၊ ထ ကိုယ်ပေါ်၌ အမာရွတ်ဖြင့် နေခဲ့၏။

ခြေပြတ်-လက်ပြတ်တွေ့ကြသား-များသည်၏ အဆိုးဆုံးမှာ ဦးခေါင်းနှင့်မျက်နှာ ထိသောသူများ ဖြစ်လေသည်။ အချို့ကား-ရွေ့အကုန်းသွားကြလေ၏။

စစ်ဖြစ်သောအခါ၌၊ လက်ကိုင်ဆေးရုံများ မလောက်သဖြင့်၊ များစွာသောအခြင်းအရာတို့နှင့် တွေ့ခဲ့လေသည်။ များသောအားဖြင့်၊ စစ်ဖြစ်သောအခါ၊ တသင်းကျောင်းများကိုပိတ်ထားလိုက်ပြီး၊ ဆေးရုံလုပ်ကြခဲ့လေသည်။ ထိုမှသော်လည်း-မလောက်ငှ ဖြစ်နေသေး၏။ တခါတခါ နေရာမလောက်သဖြင့်၊ လက်ရှိလူနာများမှ မရှူသေးလိမ့်မည်ဟုထင်ရသော၊ အသက်ကျော်သေးသော လူနာများကို၊ သုသာန်သို့ပို့ရလေသည်။ လက်လျှော့ရပြီဟု ဆုံးဖြတ်သူမှာလည်း၊ များသောအားဖြင့်၊ ကျွမ်းကျင်သော ဆရာဝန်ကြီးများ မဟုတ်ပေ၊ ဆရာဝန်ဖြစ်ခါစ လူမျိုး ကွန်ပေါင်ဒါလို၊ လက်ထောက်မျိုးသာဖြစ်၏။

စစ်မြေပြင်ရှိစစ်သားများမှာလည်း၊ အစားအသောက် နှားပါးသဖြင့်၊ ရက်ပေါင်းများစွာ ငတ်ရကြသေး၏။ အချို့မှာ ငတ်လွန်းကြ၏၊ တခါတခါ-မြေပေါ်ရှိမြက် ပင်များ၊ ဘာညာသောက်ဖွယ်ရှိသော ကျွန်းပင်ရှာကြရ၏။

စစ်မြေပြင်တွင် ၁၈-နှစ်၊ ၁၉ နှစ်သားကလေးများ အများအပြားပါဝင်၏။ ကျွန်ုပ်တို့ပြည်၌ မိဘများက၊ တ

ရပ်ဘာကျေးသို့ ပြေးထွက်ချက်သော သောဒူယင်ကလေးများ
မှာ၊ စင်နှင်သို့ငပ်ကြရလေသည်။

ရေရုပ်သင်္ဘောချင်းတို့၏မိုက်ခြင်း၊ ပင်လယ်ဓားခဲ့ကောက်
တွင်၊ သေကြေပျက်စီးကြသည့်မှာလည်း၊ ခေနုဝတ္ထက်
နိုင်သေးကောက်အောင်ပင် ဖြစ်ပေ၏၊ ခရုပ်သင်္ဘော လေ
ပေါက်ဗိုတ်သဖြင့်၊ သင်္ဘောသားများ အားလုံး မွန်းပြီးသေ
သည်ကိုရင်း၊ သင်္ဘောမြုပ်ရေရှာ၊ အထွက်ပေါက်တွင်
သူ့ထက်ငှာ အလုအယက်တိုးထွက်ခြင်း၊ တစ်ချို့သေကြ
သည်ကိုရင်း၊ ကြားနေရပေပြီ။

စင်အတောအတွင်းတွင်၊ အသက်ငိုပင် ရုံ့စွာနှင့်
ပံ့အကြောင်းသေပ်ကား၊ သူသတ်ခါတ်ခွေ့ ကနေ:ဘေးထဲ
တွင်၊ ပါလာသတ်သောကြောင့်ဖြစ်သည်၊

သင်သည် မြေကြီးအောက်၌ရှိသည်ဆိုသော အမိန့်
ငရဲကို ခဏခဏပြော၏၊ သခု-ခေတ်လောသငယ်ငရဲကို
သင်မြင်ပြီပေဟုတ်လေ၏။ ကမ္ဘာစစ်ကြီးသည် ငရဲကို
မြင်ရုံ ခေါ်ဆောင်ခဲ့သည်ပြီ။

ယခုခေတ်-ကမ္ဘာမှာ တပြည်နှင့်တပြည်ဆက်ခန်း၊
တပြည်တင်ပြည် အညအော အားကိုးကြရ၏၊ တိလင်တွင်
နေ့စဉ်စားနေသော ပေါင်မုန့်အတွက် ကနေဒါက ဂျုံကို
သင်္ဘောများဖြင့် ယူလာရသည်၊ ဂျာမနီတွင် စားကြသော
အခဲသားများ၊ ဆိတ်သားများကို၊ မိုင်တထောင်းမျှ ကွာ
ဝေးသော ခြေဝါစတေရေလ်ယာ:မှ၊ ယူဆောင်လာရ
သည်။ စစ်ဖြစ်သောအခါ သင်္ဘောများ အသွားအလာ

နောက်လာမည့်စစ်သည်၊ လူ့အဖွဲ့အစည်း
ကို သုတ်သင်ပစ်မည့်စစ်ဖြစ်ရာ၊ ယောက်ျား
တိုင်း၊ မိန်းမတိုင်း၊ ကလေးတိုင်း၏ အစိုင်ခဲသော
ချိန်တွင်း ရုပ်ဝတ္ထုလုပ်ငန်းအားလုံးသည်၊ ဤအ
တွက်ကြို့တင်၍ ပြင်ထားကြရဖြစ်ပေမည်။”

ထိုထိုဆိုလျှင်၊စစ်ကို သူတို့မလိုလားကြသည့်မှာ၊ အံ့ဩဖွယ်မရှိပေ၊သို့သော်-သူတို့ကား စစ်ကို မကွင်းနိုင်ကြပေ။

ကြာမိကာ ရေကြီးသောအခါ ဗမာပြည်၌ရှိသော ခေတ သူတောင်သားတို့သည်၊ ရေကိုမကာကွယ် နိုင်သကဲ့သို့၊ သူတို့သည် စစ်ကိုမကာကွယ်နိုင်ကြချေ။အချို့ မြင်းတို့သည် ရိုင်းကုန်၏။ ၎င်းတို့ကျောပေါ်သို့ရောက်လျှင်၊ ဒူးရိုင်းမှကြိုက်၍ဒူးမရိုင်းဘဲ အက်ဆွဲထားလျှင်၊စီးသူကိုခါချ၏၊ထို့အတူ၊ချိန်ဘာလိန်တို့ကဲ့သို့နေ့ရှင်လောကကြီးကို ဦးစီးသူတို့သည်၊ စစ်မြင်းကို ဒူးမိုင်း၍စီးရမည်သာ၊ မရဲသောကြောင့်၊ အက်ကိုဆွဲထားလျှင်၊ မြင်းပေါ်မှပြုတ်ကျမည်ဖြစ်ပေ၏။

ထိုဖြစ်လျှင်၊စစ်မြေပြင်သို့ သူတို့ကိုတွန်းချပြီး နေသော သတ္တဝါတို့ကား၊ နေ့ရှင်လောကတွင် ကိန်းအောင်းနေသည် ဟု ဆိုမည်လော၊ အခြားတစ်နေရာရာတွင် ကိန်းအောင်းနေသလော၊ ကျွန်ုပ်တို့ကြည့်ကြဦးစို့။

---

# ( ၂ )

# ပီသာလေးအစား ဗုံးကိုကိုင်ရသော ကနေ့သည်။

အုတ်တချပ်စီတချပ်စီကို ဆင့်၍ထပ်ထားကာမျှဖြင့်၊ တိုက်တာမဖြစ်နိုင်၊ တိုက်နံရံများကို တချပ်နှင့်တချပ် အင်္ဂတေဖြင့် ဆက်စပ်ရသေးသည်။ ထို့အတူ၊ လူတယောက်စီတယောက်စီ ရှိနေကာမျှဖြင့် လောကကြီးမဖြစ်၊ ထိုလူတို့သည် တဦးနှင့်တဦး အဆက်အသွယ်ရှိပါမှ၊ လူ့လောကကြီးဖြစ်လာသည်။ အုတ်တိုက်ကြီး၏ ခိုင်ခံ့မှုမှာ၊ အင်္ဂတေအပေါ်၌တည်ရှိသကဲ့သို့၊ လူ့လောကကြီး၏ခိုင်မြဲတည်တန့်မှုမှာ၊ လူတဦးနှင့်တဦး ဘယ်ပုံဘယ်နည်း ဆက်သွယ်သည် ဟူသောအချက်တွင် တည်ရှိလျက်နေသည်။ သင်သည်လူ့လောကကြီး ခိုင်မြဲမှုတွင်၊ စိတ်ဝင်စားသူဖြစ်ပါက၊ လူတို့၏ဆက်သွယ်မှုများတွင် စိတ်ဝင်စားရပေမည်၊ ယခုလောက-လူတို့ဆက်သွယ်မှုကား အသို့နည်း။

လူတို့အတွက်၊ စားသောက်ရေးနေထိုင်ရေး ပျော်ရွှင်ရေးတို့သည်၊ အဓိကအချက်များဖြစ်လေသည်။ “သဗ္ဗ

သဏ္ဍာ၊အဟာရရွှေ့တိဂ.၁" ဆိုသောစကားအရ၊ လူနှင့် ထက်ရွယ်သော သတ္တဝါနေ့ဘုံးလုံးသည်၊ အဟာရအပေါ်တွင် တည်ကြကုန်၏ လူတို့သည်၊ အစားအသောက် မရှိဘဲ နှင့် အသက်မရှင်နိုင်၊ထိုကြောင့်၊ စားသောက်ရေး (ဝါ) ဝမ်းကြေ့ငရေး၊ ဝါ-စီးပွါး ရေးသည်၊ အရေးအကြီးတကာ့အကြီးဆုံးဖြစ်ပေ၏၊ထို့ကြောင့်ဖြစ်လျှင်၊ ဝမ်းရေးတွင် လူတို့၏ဆက်သွယ်မှုဝါ-လူတို့၏စီးပွါး ရေး ဆက်သွယ်မှုသည်၊ အရေးအကြီးဆုံးဖြစ်ရပေလိမ့်မည်။

ဤကမ္ဘာကြီးပေါ်တွင်၊လူ့ဦးရေကား၊ နည်းလှပေ၏၊ မြေဆီဩဇာနှစ်ပါး ဆိုအပ်သော သစ်သီးဝလံတို့ကား။ ပေါများပေ၏ ထိုအခါ၌၊လူတို့သည် သစ်သီးဝလံကိုပင်သောပင်မှ ရွေ့တ်ဆွးသလို၊လွယ်ကူစွာခူးဆွတ်သုံး စွဲနိုင်ပေ၏။သူတို့ ယောက်ျားမဆို၊ ထိုကြောင်းထားဘို့မလို၊ ထိုအခါ၌၊ လူတို့သည် ဝမ်းရေး၌ တဦးနှင့်တဦး အတိုက်အခံမဖြစ်၊ သူတို့၏ ဝမ်းရေးဆက်သွယ်မှုမှာ လွန်စွာအဆင်ပြေပေ၏။ ဝမ်းရေးနှင့်ပတ်သက်၍ တဦးနှင့်တဦးမိုရိုခုသည်မရှိ၊ ညီညွှတ်စွာခံစားနိုင်ခွင့်ရပေလေ၏၊ ထိုခေတ် ထိုအခါ၌၊ မေတ္တာ၊ ကရုဏာ မုဒိတာ၊ ဥပေက္ခာစသော သဘောတရားများ ထွန်းကားနိုင်ပေ၏၊ဝမ်းရေးတွင် အတိုက်အခံ မဖြစ်ရသူတို့သည်။ တဦးနှင့်တဦး မေတ္တာမျက်သွယ် ရှိနိုင်ပါပြီ မည်ပေတော့။ ကရုဏာတင် နိုင်ပါပြီး ညီတော့၊

လူဦးရေကလည်း နည်း ရှိသော၊သစ်သီးဝလံတို့ကလည်း ပေါင်းပါ၍ရှိတော့၊ အဝတ်ကျသော်လေးပေါ် ဆိုသည်တို့က

ထည်းဘုံး၍ လာသောအခါ၊ လူတို့သည် ဝမ်းရေးအ
တွက် သောသာတကြီး ရှာဖွေလာရသည်၊ တဦးနှင့်တဦး
ဝမ်းရေးတွင် အတိုက်အခံ၊ စိလာသ ၏၊ ထိုအခါ ပြဿနာ
ရှိရာတရားတို့သည်၊ ကုစလ်ပျောက်ခဲ့သော၏၊ လူတို့သည်
သစ်သီးဝသံ လွယ်လင့်တကူ မရောဖြင့်၊ သစ်ကောင်း၊ ဝါး
ကောင်းကို လိုက်သုံးပစ်ခြင်း၍ စားရလေ၏၊ လူတို့သည်
ကြမ်းတမ်း ရက်စက်လာရလေ၏ လူလူချင်းပင် သတ်
ဖြတ်ရသည့်အခါများနှင့် ကြုံလာခဲ့ရလေ၏၊ ထိုအခါ၌ လေး
မြှားထက်နက်မှာပေါ်၏၊ လူတွင် ကိုယ်ပိုင်ပစ္စည်း ဘာမျှ
မရှိပေ။

သစ်ကောင်း ဝါးကောင်းတို့မှာတည်း ရှားပါးစပြုလာ
ခဲ့၏၊ လူ၏ ရေမှာ တိုးပွါးလာလေ၏၊ လူသည် အသက်ရှင်
နေရမည်ဆိုပါက၊ ဝမ်းစာကိုရှာရမည်အခါ၌ ရွေး တိုက်
ခပ်၍ နှိပ်စက်နေသော လေပေအးမှ ကာကွယ်ရန် တ
ကြောင်း၊ ညီညာသော လယ်ကွက်နှင့် မြေကိုလွယ်လင့်
တကူ ရနိုင်သဖြင့် တကြောင်း၊ ငါးများနှင့် နီးသဖြင့်
တကြောင်း၊ လူတို့သည် မြစ်ကမ်းသော မြစ်ဝှမ်းဘေးလျှောက်
သို့ သွားရောက်နေထိုင်ကြလေတော့၏၊ ရွာများ အသည်
အတူတည်ထောင်ကြရလေတော့၏၊ အကြီးအကဲ သ..တ
များတင်မြှောက်၍ အမိုးခုအသုံးများ ပေး...ရ လေ၏၊
လယ်ယာအဓိ ထွန်ကဲ-စသည်ဖြင့် လူတို့တွင် ကိုယ်ပိုင်
ပစ္စည်းများထားသါရှပေတော့၏၊ ဝမ်းရေးနှင့်...တ်သတ်
ပြီး၊ ပြဿနာအမျိုးမျိုး ပေါ်ပေါက်လာခဲ့ပေ၏၊ ခြွေခြီ

မြေခွက်ကို စားနေသောခေတ်က၊ မိန်းမတို့သည်လည်း၊ ယောကျ်ားတို့ကဲ့သို့၊ လွယ်ကူစွာ ရှာစား နိုင်ကြ၏။ ဝမ်းရေးတွင်၊ မိန်းမတို့သည်၊ ယောကျ်ားတို့နှင့် ရင်ဘောင်တန်းလိုက်နိုင်ကြ၏။မိန်းမနှင့်ယောကျ်ားတန်းတူခံစားခွင့်ရှိ၏။ အသဲလိုက်သော ခေတ်တွင်၊ မိန်းမသား၊ ယောကျ်ားလောက် အသဲရှာမကောင်း၊ အကြမ်းမခံနိုင်၊ ထိုအခါ-မိန်းမသည်၊- ယောကျ်ားနောက်လိုက်ဖြစ်သွားလေ၏ မြို့ရွာတည်ထောင်သောခေတ်သို့ရောက်သောအခါ၊ မိန်း ကား ထမင်းချက် ကလေးထိန်း၊ ယောကျ်ားကား၊ ဝမ်းရေးရှာ ဘဝတို့သို့ ရောက်သွား လေ၏၊ ယောကျ်ားသည်၊ မိန်းမ၏ခေါင်းဆောင်-အရှင် လင်ဖြစ်လာလေ၏။ထိုခေတ်ကစ၍၊ ငါ့ဇနီး-ငါ့သား- ငါ့မယား စသည့်အစွဲများသည် ပေါ်ပေါက်ခဲ့ပြီ ၊ ငါ့ဇနီးအတွက် ဥပဒေတွေလုပ်ကြ၏။ ငါ့သယ်အတွက်ရန်ဖြစ်ကြ၏၊ ငါ့မယားအတွက်ဖြူရှုကြ၏။

ဤသည်ကား၊ ဝမ်းရေးသည်၊ လူ့ခေတ်ကိုပြောင်းလဲစေကြောင်း ရှင်းပြမှုတည်း။ ဝမ်းရေးဆက်သွယ်မှုသည်ပင်၊ လောကကြီး၏ ပင်စည် ပင်မကြီးဖြစ်သတည်း။

ယခုမျက်မှောက်လူတို့၏ ဝမ်းရေးဆက်သွယ်မှု၊ ဝါ စီးပွားရေးဆက်သွယ်မှုကား အဘယ်သို့နည်း။

ယခုခေတ်တွင်လူတို့၏အသက်မွေးမှုမှာ၊ အသဲလိုက်ခြင်း၊ သစ်သီးဝလံချူခြင်း စသည်တို့ မဟုတ်တော့ဘဲ၊ ထောင်သူလယ်သား လုပ်ကိုင်ခြင်းနှင့်၊ အလုပ်ရုံစက်ရုံ

တို့ဖြင့်၊ ကုန်ပစ္စည်းလုပ်ကိုင်ခြင်းများသာ ဖြစ်လေသည်။ ရှေးက၊ လယ်သီးယာသီးများကို၊ အမြတ်ယူ၍ရောင်းချခြင်းမပြုဘဲ၊ တဦးနှင့်တဦး-တဦးအကျိုးကိုတဦးကြည့်၍ဖလှယ်၍စားကြသည်။ ယခုမှကုန်သည်ကြီးများသည်၊ တောင်သူများထံမှ လယ်သီး ယာသီးကိုဝယ်၍တဆင့်ရောင်းချစားကြသည်။ တောင်သူများထံမှ ဝယ်သောအခါ၌ရင်း၊ တဆင့်ရောင်းချ ရတော့သော အခါ၌ရင်း၊ ကုန်သည်သည်၊ တောင်သူ့အကျိုးကို ကြည့်၍မဝယ်။ တဆင့်ဝယ်ယူသူ့ အကျိုးကိုကြည့်၍လည်း မရောင်း။ သူ့အမြတ်ရမှုကိုသာဂရုပြု၍၊ ဝယ်မှု ရောင်းမှုကို ပြုလေသည်။

ရှေးအခါက-အင်္ဂလိပ် ကုန်သည်ကြီး များသည်၊ ကုလားပြည် ဗမာပြည်တို့သို့၊ ကုန်ကူးသန်းရောင်းဝယ်ရန်လာရောက်ကြလေသည်၊ ရင်းတို့သည်၊ ကုလား-ဗမာတောင်သူများထံမှ၊ သစ်၊ ဆန်၊ ပေါ၊ ဟင်းခပ်အမွှေးအကြိုင်၊ သတ္တုရိုင်းများ ကို ဝယ်ယူရာ၌၊ နည်းအမျိုးမျိုးကိုသုံး၍ဝယ်ဈေးကိုချလေသည်။ ထို ပစ္စည်းများကိုဥရောပတိုက်သို့ယူဆောင်သွားပြီး၊ အမြင့်ဆုံးသောဈေးဖြင့်ရောင်းချလေသည်။ ထိုသို့ဖြင့် အမြတ်ငွေများစွာရရှိလေ၏။ ရမိသောအမြတ်ငွေကို၊ အိန္ဒိယ-ဗမာပြည်တို့၌၊ လယ်ယာ-ချောင်းမြောင်း သစ်တောင်၍၊ စိုက်ပျိုးရေး ချဲ့ခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်းစသည်တို့တွင်၊ အရင်းမြှုပ်နှံလေ

သည်။ (ဗမာပြည်နှင့်ထိုင်းကို၊ ချက်ကိုးများထံမှတဆင့် မြှင့်လေသည်)

အမြတ်ငွေကိုကြည့်၍၊ ရောင်းဝယ်ရေးသည်၊လယ်ယာ-ကုန်း-ကျွန်းလုပ်ကိုင်ရေးနှင့်ပွမ်းမိုးလေ၍၊ တောင်သူကလေးသည်၊ စပါးရိတ်၍ခါတိုင်းလိုစပါးအပို ကို၊အဝတ်ယက်ချန်အတွက်၊ ဝါဂွမ်းနှင့် မလဲဖွယ်ခတော့ဘဲ၊ ရောင်းချလိုက်ရသည်၊ ရောင်းချရသောငွေဖြင့်အဝတ် အထည်ဝယ်သည်၊ မီးချစ်ဝယ်သည်၊ ဆေးလိပ်ဝယ်သည်။ (မီးခတ်-ဆေးဘန် ပျောက်ရ၏) တည်ငြိမ်နေသောရေပြင်တွင်၊ ခဲတုံးတလုံး ကိုပစ်ချလိုက်သောအခါ၊ ရေဘပြင်လုံး လှုပ်ရှားလှိုင်းခတ်သွားသကဲ့သို့ အမြတ်ငွေကိုကြည့်၍ရောင်းဝယ်ရေးသည် လယ်သမားနှင့်စီးပွားရေးဆက်သွယ်မှုတရပ်လုံးကို၊ လှုပ်ရှားပြောင်းလဲ သွားစေပေ၍၊ တဦးကိုတဦးအမြတ်ဘင်မှု၊(၂) အညွှန့်ခူးမှု၊ (ဂ)လူပေါ်လူစော်လုပ်မှုသည်၊ လူတဦးနှင့် တဦးဆက်သွယ်မှုဖြစ်လာခဲ့ပေ၍၊ တဦးကိုတဦး အညွှန့် ခူးခြင်းကြောင့်၊ တဦးနှင့်တဦး အတိုက်အခံဖြစ်ရောက်၍၊ ခိုက်ရန်ပွားတော့၍၊ လူ့သဘောသဘာက်ကိုသာကွက်၍တွေးဘဲ၊ တမျိုးလုံး ကိုတွေး၊ လူ့တတန်းစား လုံးကို တွေးလိုက်သော်၊ လူတမျိုးနှင့်တမျိုး၊ လူ့တတန်းစားနှင့် တတန်းစား၊ ခိုက်ရန်ပွားတော့၍၊

ကုန်သည်ကြီးသည်၊ လယ်သီးသာသီးတို့မှအမြတ်အစွန်းသည်၊ များသည်ဘက်များ၍ရခဲ့လေ၍၊ ထိုအမြတ်

နို၊ လက်မှုပညာသည်၊ စက်မှုပညာသို့ တိုးတက်လျက် ရှိပေ၏။ မြင်း-နွား တို့ "အား"အစား၊ ရေနွေးငွေ့ "အား" သည်၊ အစားထိုးလျက်ရှိပေ၏ ၊ အဆိုပါ အမြတ်ငွေများ ဖြင့် ကုန်သည်ကြီးသည်၊ စက်ရုံ ကြီး များ ကိုတည်ထောင် ၏၊ ကုန်ပစ္စည်းများကိုလုပ်ထုတ်လိုက်၏၊သူသည်-ဓနရှင် ကြီးဖြစ်လာခဲ့၏၊ သူ့ကလို ဓနရှင်ဖြစ်လာသူတို့ကာလသည်။ အများသား၊ ၊ထိုကြောင့်၊ဥပမာ၊ ၊လန်ကက်ရှိုင်းမြို့ တွင်၊ စက်ပိုင်ကြီး တဦးသည်၊ လန်ကက်ရှိုင်းမြို့နှင့်၊ နယ်အတွက်တနေ့လျှင်အထည်၏၊ ကိုက် ၁၀၀၀၀နှုန်း ရှိတွင်သည် ဆိုပါစို့၊ သူတယောက်တည်း မှိန် ၍ ရောင်းချခွင့်ရလျှင် တော်ပေသေး၏၊ သူ့လို- ဓနရှင်လုပ် ချင်သူ ၃-ယောက်လောက် ပေါ်လာခဲ့၏၊ ၄-ယောက် ပေါင်း တယောက် ၂၅၀ -ကိုက်စီ၊ နှံ့၍ လုပ်ကြ လျှင်ကားတော်ပေသေး၏၊ ထိုသော်-ဤကား မဖြစ်နိုင်၊ ဓနရှင်တိုင်း၊ ကိုက်သောင်းလုံး ရောင်းချင်၏၊ နေ့စဉ် ကိုက်တသောင်းလုပ်လေ၏၊ ထိုအခါ လန်ကက်ရှိုင်းက သုံးနိုင်သည်ဘက်၊ ကိုက် ၃၀၀၀- ပိုထွက်နေသည် ကို တွေ့ရ၏၊ ကိုက် ၃၀၀၀-အတွက် မြို့ပြင်ထွက်၍ဈေး ရှာရ၏၊

ထိုတိုင်းပြည်လုံးနှင့်ခြုံစဉ်းစားလိုက်လျှင်၊ကုန်ပစ္စည်း များကိုရောင်းချနိုင်ရန်၊ပြည်ပဈေးများ ရှာရလေ၏၊စက်မှု မထွန်းကားသေးသော တိုင်းပြ င်များသို့ သွား၍ရောင်းချ ရ၏ ထိုမျှမကသေး၊ စက်ရုံများတွင်အထည်လုပ်ရန်ဝါ

ရှမ်းတည်းဟုသောကုန်စိမ်းများလိုသေး၍ ပြည်ပမှကုန်စိမ်းများရှာရပြန်၏။

ထို့နောက်-စက်ပိုင်၊ လုပ်ငန်းပိုင်၊ နေရှင်ကြီးတွင် အမြတ်ငွေတွေများသည်ထက် များလာလေရာ၌ ထိုငွေများကို၊ အတိုးယူ၍ ငွေချေးလို၏။ ဘဏ်တိုက်ကြီးများတွင်အရင်းရိုက်လေ၍ အခြားနိုင်ငံများ၌ မီးရထားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ချောင်းတူးခြင်းများတွင်၊ အရင်းရိုက်ထားလေ၏။

၁။ တိုင်းပြည်တပြည်တွင်၊ သူ့ကုန်စည်များကို သူကြိုက်ဈေးဖြင့် လွတ်လပ်စွာရောင်းချနိုင်ရန်၊

၂။ သူ့စက်တွင် လိုသော ကုန်ကြမ်းကုန်စိမ်းများကို ကြိုက်ဈေးဖြင့် လိုသောအချိန် ၌လိုသလောက်ရရှိရန်။

၃။ သူ့ငွေပိုငွေသျှံများ ကိုလုံခြုံစိတ်ချရစွာ၊ အရင်းမြှုပ်ထားနိုင်ရန်။

နေရှင်သည်-သက်အောက်နိုင်ငံကိုလိုမှား ရှာရလေတော့၏။ ကိုလိုနီသိမ်းပိုက်ခြင်းမှာ၊ နှစ်ပေါင်း ၂၀၀-ကျော်ကစခဲ့သောအလုပ်ဖြစ်လေသည်။ ယခုလည်း အဆုံးမသတ်သေးပေ။

ယခုရေးခဲ့သမျှကိုသင်သည်၊ သုံးသပ်ဆင်ခြင်ပါလျှင်၊ မညီမျှမှု နှစ်မျိုးကို တွေ့ရပေလိမ့်မည်၊ (၁) ထယ်သီးယာသီးကို ကြိုက်ဈေးဖြင့်မရောင်းနိုင်သော၊ တောင်သူနှင့် စက်ရုံတို့တွင် လိုသောအတိုးအခကိုမရသော လုပ်သားတို့ကသောက်ဈေးကိုကြိုက်သလိုဖြစ်၍။ ဓနင်

သာလိုရောင်းနေသော ကုန်သည်နှင့်အမြတ်ခမှုတရကိုသာ ကြည့်ရှုရသော စက်ပိုင် ဓနရှင်တို့ကတဘက်၊ တဘက် နှင့်တဘက် မညီမျှတဲ့ရှုမြင်း၊ ဝါ ဆင်းရဲသားတို့မှာ၊ ဆင်းရဲသည်ထက်ဆင်းရဲပြီး၊ဓနရှင်တို့မှာ ချမ်းသာသည် ထက် ချမ်းသာသွားစေသော၊ မညီမျှမှု၊ (၂) စက်မှု လက်မှုကြီးကျယ် ထွန်းကားသော နိုင်ငံကြီးများနှင့်၊ ထို နိုင်ငံကြီးများ၏ လက်ဝ်တွင်းက ရောက်ရှိ၊ လုပ်ကိုင် ခံနေရ သော၊လက်အောက်ခံနိုင်ငံတို့မညီမျှမှု၊ ဝါ၊သခ် နိုင်ငံနှင့် ကျွန်နိုင်ငံတို့မညီမျှမှု။

၅။ ထိုမညီမျှမှုကို- ဓနရှင်ကြီးများနှင့်၊ ထွန်းကားသော နိုင်ငံကြီးများကလိုလား၏၊ ထိုမညီမျှမှု တည်တံ့ နိုင်ရန် အောင်၊ အမျိုးမျိုး ဆောင်ရွက်နေလေ၏၊ ထိုမညီမျှမှုကို ဆင်းရဲသားလူထုကြီးများနှင့်၊လက်အောက်ခံနိုင်ငံတို့က၊ မလိုလား-မခံမရပ်နိုင်၊ ထိုမညီမျှမှုကို၊ ပြိုမျက်ဖျောက် ပယ်ရန် ကြိုးစည်ရိုင်းပြင်းကြကုန်၏၊ သင်သည် ကြိုးနှင့် ချည်ထားသောကြက်ကလေး၊ ထွက်ပြေးရန် ရုန်းကန်လျှင် သင်ဘယ်လိုလုပ်သနည်း။ သင်သည် အတင်း ဆွဲထား မည်၊ "ဆောင်း" နှင့်သော်လည်းရိုက်ထားမည်၊ဓနရှင်ကြီး များနှင့် နိုင်ငံကြီးများသည်လည်း၊ ထို့အတူပင်ဖြစ်၏၊ အတင်းလုပ်၊ နှုတ်လုပ်၊ အဓမ္မ လုပ်ကြရ၏၊

အတင်းလုပ်လျှင် သူတို့က လူနည်းသောကြောင့် ရှုံး နောက်စရာပင်ဖြစ်၏၊ ထို့သော်-သူတို့ကား လက်နက်

ခြေသက်မြားရှာရထားသည်ဖြင့်မ နှုံးကြပေ။ လက်နက်သည် သူတို့၏အသက်ဖြစ်ပေ၏။

မနှစ်ရှင်စံနှစ်သည်၊ အသက်ကြီးလောက်နင်း လက်နက် ခွေတိုးပေသည်ကိုတွေ့ရပေ:ည်။

| | | | |
|---|---|---|---|
| တကမ္ဘာလုံးအတွက်လက်နက်ဖြင့် ကုန်သည့်ငွေမှာ | ၁၉၁၃ | ၁၉၂၅ | ၄၉၃၄' |
| ပေါင်သတ္တသန်းပေါင်း– | ၂,၅၃၁၊ | ၃၅၂၂၊ | ၄၉၀၀' |

(ပေါင်တပြားလျှင် ၅-၁ ိမှုဖြစ်၏။)

သက်နက်အားကောင်းသော ပြည်များမှာ၊ ဗြိတိသျှ၊ အမေရိကန်၊ ပြင်သစ်၊ ဇီတလီ၊ ဂျပန်၊ ရုရှမနီတို့ဖြစ်သည်။ ပထမငါးနိုင်ငံတွင်၊ ၁၉၁၃-ချမှ ၁၉၃၀-အတွင်း၊ လက်နက်တိုး ၁၀၀-လျှင်၊ ၇၀–ပိုလာခဲ့သည်။ခရီးကြောင်း စစ်ပြင်ဆင်ရေးအတွက်၊ ၁၀၀-လျှင်၊ ၈၂အထိ တက်ခဲ့သည်။

တကမ္ဘာလုံးကုန်ပစ္စည်းထွက်ခြင်းနှင့်၊ လက်နက် သွင်းသုံးခြင်းတို့ကိုယှဉ်ကြည့်ပါဦး။

| | ၁၉၂၈-ခုနှစ်ကလက်နက် ထည်သားအတွက် ၁၀၀-ဖိုးသုံး။ | ၁၉၂၈ ခုနှစ်က ပျှမ်းမျှတနှစ်အိုး ၁၀၀-ထွက်သည်ထား။ |
|---|---|---|
| ၁၉၁၃ | ၆၄ | ၅၃။ |
| ၁၉၂၉ | ၁၀၄ | ၁၀၄။ |
| ၁၉၃၀ | ၁၀၆ | ၈၇။ |
| ၁၉၃၂ | ၁၀၇ | ၅၆။ |

၁၉၃၂-ခုနှစ်အဘို့တွင်၊ တပြည်နှင့်တပြည်၊ အ

ပြိုင်အဆိုင် လက်နက်ရောင်းကြလေသည်။ ထိုအတွက်အ
ထက်ပါ စခန်းတို့အတက် များစွာတိုးလာ လေသည်။
အင်္ဂလန်ပြည်တွင်၊ ၁၉၃၂-ခုနှစ်က၊ လက်နက်အတွက်
ရွှေဒင်္ဂါးသန်းပေါင်း၊ ၁၀၄-သာသုံးသော်လည်း၊ ၁၉၃၆
ခုနှစ်တွင်၊ သန်းပေါင်း ၁၆၀-သုံးလေသည်။ (သန်း
ပေါင်း ၂၅-အပိုသုံးခန့်ရာထား သေးသည်) အမေရိကန်
* U.S.A. တွင်၊ ၁၉၃၃-ခုနှ၊ ဒေါ်လာငွေသန်းပေါင်း
၆၂၀-သုံးရှိ၊ ၁၉၃၆-ခုနှစ်တွင်၊ ၁၁၆၁-သန်းသုံး
သည်။ ဂျပန်တွင်၊ ၁၉၃၁-ခုနှစ်တွင်၊ ယန်ဒင်္ဂါးပေါင်း
၄၅၄-သုံးရာမှ၊ ၁၉၃၆-ခုတွင်၊ ၁၃၂၂-သန်းသုံး
လေသည်။ (အစိုးရဘဏ္ဍာတော်ငွေ၏ ၅၀-ရာခို နှုန်း
ကိုသုံးသည်) ဂျာမန်ကမူ၊ သုံးသုံးသည်ကို ဖုံးထား
သည်။ စခန်းပေး၊ ထိုသော်-ချာချီ ပြောချက် အရ၊
(၁၉၃၆-ခုအထဲ) ဟစ်တလာသက်ခဲ့သော သုံးနှစ်အ
တွင် လက်နက်အတွက်၊ ရွှေဒင်္ဂါးသန်းပေါင်း ၁၆၀၀-
သုံးသည်ဟု သိရလေသည်။

ထရော်ဘီး၊ ပိသသခသးအစား၊ ဗုံးကိုကိုင်ရသော
ကုန်သည်ဟု၊ ကျွန်ုပ်တခုကြောင့်ခေါ်ခဲ့သည်ကို၊ သင်သ
ဘောပေါက်ပြီဟုတ်ပါလော။

---

* ညီနောင်စုတွင်အမေရိကန်ဟုခေါ်သွင်း၊ ယူ-အက်စ်-အေ ခေါ် အမေရိကန်ပြည်ထောင်စုဟုရှိလိုကြောင်း၊ သတိပြုစေလိုသည်။

# ( ၃ )
# စစ်သုံးမျိုး။

ဓနရှင်စံနစ်သည် သုံးဆင့်ရှိ၏။ ထိုသုံးဆင့်နှင့် ဟပ်ညီ၍ သုံးမျိုးသောစစ်သည်ဖြစ်ပွါး၏။

ပဌမ။ ။အရောင်းအဝယ်ကိုသာပြုသောဓနရှင်စံနစ်၊ ဟောင်းအခွေ့ အကြွင်းများကို အမြှီးသမှုဝယ်ပြီး ဥရောပ တိုက်တွင် ရောင်းသော ဓနရှင်စံနစ်မျိုးသာဖြစ်သေးသည်၊ မိမိတို့တိုင်းနိုင်ငံ၌လည်း ၊ ကုန်များကို စက်တို့ဖြင့် လုပ် ထုတ်ခြင်းမရှိသေးပေ၊ ပြည်တွင်း၊ ကူးသန်းရောင်းဝယ် ရေးလောက်သာရှိသေးသည်။ ဓနရှင်စံနစ်၏ ထိုအဆင့်၌၊ ဓနရှင်စံနစ်သည်ပဒေသရာဇ်ခေတ်၏ အချုပ်အချယ်များ ကို ဖြိုချက်တော်လှန်ရလေသည်။ အပိုင်းပိုင်းအမွှာမွှာ ကွဲ ပြား၍၊ ဟိုကသတမင်း၊ ဒီကသတမင်းမှုနေသော တိုင်းပြည် တွင် တ–ဝင်းတည်း၊ တပိုးရတည်းဖြစ်အောင် ရစည်းရ လေသည်။ ဥပမာ၊ ဂျာမနီပြည်၌၊ ထိုခေတ်ဆီက၊ များစွာ သော ပဒေသရာဇ်နယ်ကလေးတို့သည်ရှိကုန်၏။ ထနယ် နှင့်တနယ်၊ ကူးသန်းရောင်းဝယ်ဘို့ခက်ခဲ၏။ ဟိုနယ်က ကုန်အပေါ်တွင်၊ သည်နယ်က ပဒေသရာဇ်က၊ ထမ်းအ ကောက်၊ လဲအကောက်စသည်ဖြင့် ထပ်တိုင်းကောက်ယူ နေ၏။ ပဒေသရာဇ်၏ လက်သပ်မွေး လူမိုက်များက၊ ကုန် သည်များကို ဓါးပြတိုက်ကြလေ၏။ ထိုသို့ ကုန်ကူးသန်း

ရောင်းဝယ်မှုကို ပဒေသရာဇ်အုပ်စိုးနည်းက နှောင့်ယှက်နေသဖြင့်၊ ထိုအုပ်စိုးနည်းကို ဖြိုဖျက်ရန် စစ်ဖြစ်ကြရလေသည်။ ဤခေတ်တွင် လက်အောက်ခံ တိုင်းပြည်များ မရှိဖူးသေးပေ အချောင်ရှာသာ ယူထားကြ၏။

**ဒုတိယ။** ။စက်မှုလုပ်ငန်း၊ ငွေရှင်စံနစ်၊ ဤအဆင့်တွင်၊ လက်အောက်နိုင်ငံ ရှိလာသေးသည်။ ဟုတ်ပေ၊ ငွေရှင်စံနစ်အရ ကုန်ပစ္စည်းလုပ်ဆောင်နည်းများလည်း၊ နေသားတကျ တည်ထောင်ပြီးလေပြီ။ ပြည်တွင်း၌ ဈေးကွက်ရှိသမျှကို ငွေရှင်အတွက်ဖွင့်ပြီးလေပြီ။ စက်ရုံကြီးများမှ ထုပ်ထုတ်လိုက်သောကုန်များသည်၊ ဈေးပေါ်ပေါ်နှင့် များများထွက်သောကြောင့်၊ လွယ်လင့်တကူရောင်း၍ မနိုင်သေသည်။ ဤခေတ်တွင် အမျိုးနိုင်ငံကို တန်ခွန်သန်၍ ဖြစ်နိုင်ရုံတိုက်သော စစ်ပွဲများသာဖြစ်ပွါးလေသည်။ အောက်ကျနောက်ကျနိုင်သော နိုင်ငံတွင်းသို့ ထွက်ကုန် များကိုသွင်းလေရာ၊ တခါတခါအနှောင့်အယှက်တွေ့ရလေသည်။ ထိုအနှောင့်အယှက်ကို၊ ကျော်နိုင်ရုံစစ်ပွဲများကျင်းရလေသေးသည်။ ဥပမာ။ ၁၈၄၂-ခုနှစ်က၊ တရုတ်ပြည်တွင်းဘိန်း ကိုထင်တိုင်းမသွင်းရသဖြင့်၊ ဗြိတိသျှက၊ တရုတ်ကိုတိုက်လေသည်။

ပြီးခဲ့သောအခေါ်းက၊ ကျွန်ုပ်သည် မညီမျှခြင်းနှစ်မျိုးကိုပေါ်ပြခဲ့လေသည်။ ဆင်းရဲသူနှင့် ချမ်းသာသူမညီမျှခြင်းကိုနိုင်သိစေရန်၊ ဝါ၊ ဆင်းရဲသူက၊ ချမ်းသာသူကိုမထောင်ထွန်နိုင်ရန်၊ ဥပဒေပတိုက်တွင်၊ ချမ်းသာသူမှန်

သမ္ဘောတက်နက်ကိုဖြောင်ကိုင်၍သွားချင်ရာသွားနိုင်သည်။ အစိုးရက၊ ဥပဒေဖြင့်၊ ၎င်းအားကာကွယ်ပေးခဲ့လေသည်။ ကိုယ့်တိုင်းပြည်တွင် နေထဲသော ထိုသူသည်၊ အစိုးရ၏ ကာကွယ်ပေးခြင်းကို ခံရသည်မှတစ်၊ နိုင်ငံခြားတွင် သွားနေသော အခါ၌လည်း၊ ကာကွယ်ပေး ခံ သည်။ ၁၇၃၉-ခုနှစ်က၊ အာနောက်အိန္ဒိယ ကျွန်းစုအနီးတွင်၊ အင်္ဂလိပ် သင်္ဘော ကပ္ပိတန်-ဂျင်ကင်း၏ (Captain Jenkins) နားရွက်ကို စပိန်လူမျိုးတို့က၊ ဖြတ်ခဲ့လေရာ၊ ၎င်းတို့ဗြိတိသျှအစိုးရတို့က၊ ကာကွယ်ရန် စပိန်နှင့်စစ်ဖြစ်ပွားရလေသည်။

ဒွန်ပက်စီဖီကိုဆိုသော၊ ပေါ်တူဂီသားတယောက်သည်၊ အင်္ဂလန်ပြည်တွင် အင်္ဂလိပ်လူမျိုးအဖြစ်ကိုခံယူပြီး၊ နေထိုင်လျက်ရှိ၏၊ သူသည်-ငွေချေးစားသူဖြစ်၏။ ၁၈၅၀-ခုနှစ်တွင်၊ ဂရိတ်အစိုးရသည်၊ သူ့အားငွေဆပ်ရန်ရှိသည့်ကို မဆပ်ဘဲနေလေရာ၊ အင်္ဂလိပ်အစိုးရက၊ ဂရိတ်မြို့တော်ကို ရေတပ်ဖြင့်ဝိုင်း၍၊ ငွေတောင်းပေးလေသည်။ ထိုအခါနန်းရင်းဝန်ကြီးဖြစ်သူ-ပါလ်မာစတန်က၊

> "ဗြိတိသျှပြည်သားတယောက်သည်၊ ကမ္ဘာ၏ တယ်ချပ်-ဘယ်ဆီမှာနေနေ၊ သူ့အား ဗြိတိသျှအစိုးရသည်၊ ငုံးသောမျက်စေ့၊ သန်မာသောလက်ရုံးဖြင့် စောင့်ရှောက်လျက်ရှိကြောင်း ယုံကြည်အားကိုးစေရသည်" ဟုကျေညာခဲ့လေသည်။

ဗြိတိသျှ ကုန်သည်အချို့ကို၊ ဒေါ်မိုက်ဖီသော၊ ဗမာ ဘုရင်ကလေးမှာ၊ ဗမာပြည်ကို အသိမ်းပိုက် ခံရလေ သည်။

ဤကား၊ ဓနရှင်တို့၏ ကုန်စည်များကို၊ အောက်ကျ နောက်ကျနိုင်သော နိုင်ငံများတွင်၊ ထင်သလိုသွတ်သွင်း ရေးစစ်ပွဲများဖြစ်ပေ၏။

**တတိယ။** ။ …ိုင်ခံဓနရှင်စနစ်၊ ဝါ၊ နယ်ချဲ့စနစ်၊ ဤအ ဆင့်တွင်၊ နယ်ပယ်သိမ်းပိုက်မှုသည်၊ အရေးအကြီးဆုံး ဖြစ်လာလေသည်။ နယ်ပယ်အတွက် စစ်ဖြစ်ရလေသည်။ ကုန်ချောရောင်းရန်၊ ကုန်ကြမ်းယူရန်နှင့်၊ ငွေပိုငွေချေးများ ကိုအရင်းမြှုပ်ရန်မျိုး၊ ဘိုင်ခံလက်ဝါးကြီးအုပ်၍ လုပ်ရန် အတွက်၊ ရနိုင်သမျှအများဆုံးသော နယ်ပယ်များကိုသိမ်း ယူရန်၊ ဘိုင်ခံဓနရှင်ကြီးများသည်၊ ကြိုးစားကြလေသည်။ ဤခေတ်တွင်၊ ဓနရှင်တို့လက်ထဲ၌ အမြတ်ငွေများသည်၊ မထိမ်းတတ်မဆည်းတတ်ဖြစ်လောက်အောင်၊ ရှိနေလေ ရာ၊ မြှုပ်နှံဖို့နေရာ လိုသည်ထက်လိုလာခဲ့သည်။ ကုန် လုပ်ကိရိယာများလည်း၊ ကောင်းသည်ထက်ကောင်းလာ သဖြင့်၊ ကုန်စည်ပို၍ထွက်လာခဲ့သည်။ ထို့အသင်-လူ များရဆင်းရဲသားမှာ၊ အခကြေးငွေကောင်းစွာမရကြသ ဖြင့်၊ ကုန်များကိုဝယ်အားမရှိ၊ ဝယ်အားမရှိသဖြင့်၊ ကုန် များမရောင်းရဖြစ်နေလေရာ၊ ဓနရှင် ဘောဇကြီးသည်၊ ငြိမ်းပွားခေါင်းချောက်ကြီးထဲ ကျရှာလေသည်။ ထိုအခက် အခဲမှထွက်မြောက်နိုင်ရန်၊ လက်အောက်ခံ နိုင်ငံများကို၊

အကြိုက်အနယ် ရှာကြံရလေသည်။ လက်အောက်ခံ နိုင်ငံ
များသို့၊ ကုန်လုပ်ကြံသောများ၊ စက်များ၊ မီးရထား၊
မီးသင်္ဘော များကို တင်သွင်းရလေသည်။ ထိုကုန်တို့
ကို၊ လက်အောက်ခံနိုင်ငံသားတို့က၊ တိုက်ရိုက်ဝယ်ကြသည်မ
ဟုတ်၊ ထိုနေ့ရှင်အချင်းချင်းပင်ဝယ်ကြ၍၊ ထိုလက်အောက်
ခံ နိုင်ငံတွင်အရင်းတည်၍ အလုပ်ရှုခြင်းပင် ဖြစ်ခဲ့လေ၏၊
အိပ်နေသောငွေကို နှိုးပေးသည့် အခြင်း၊ လက်အောက်ခံ
နိုင်ငံမှ၊ တိုင်းရင်းသားတို့ကို ရေးပေါပေါဖြင့် အသုံးချနိုင်
ကြလေသည်။ ကိုလိုနီ၊ ကိုလိုနီ၊ ကိုလိုနီ၊ ရကြီးရင်းလို
ချင်ရင်း၊ ဖြစ်လာရတော့၏။ နေ့ရှင် ခေါင်းဆောင်ကြီး
တယောက်သည်၊ တခါသော်–ဘောင်းကင်ကိုမော့ကြည့်
ပြီး၊ ကြယ်တာရာတွေကိုသွားပြီး ကိုလိုနီနဲ့ထောင်ရရင်
ဘယ်လောက်ကောင်းမလဲ.....ဟု တွေးဘူး လေသည်။
(ရင်းကိုယ်တိုင်ရေးထားသောစာတွင်တွေ့ရသည် ဘယ်
သူတယ်ဝါဒါအားကျနိုင်မ နေလေပြီ။)

မီးရထားဆောက်လုပ်ခြင်းကား၊ နေ့ရှင်နိုင်ငံကြီးတို့
၏အကြီးဆုံးသော ရည်ရွယ်ချက်ဖြစ်လေသည်၊ အိန္ဒိယ
ပြည်နှင့် ဗမာပြည်မီးရထားတို့ကိုဆောက်၍၊ အင်္ဂလိပ်
နေ့ရှင်ကြီးများကား ငွေချေး၏၊ ထိုငွေတို့ အပေါ်တွင်၊
မပြောင်းလဲသောနှုန်းဖြင့်၊ အိန္ဒိယပြည်၊ ဗမာပြည်တို့က အ
တိုးငွေပေးရ၏။ ရထားများသည်၊ ရှုံးသည်ဖြစ်စေ၊ မြတ်
သည်ဖြစ်စေ၊ ကုန်သန်းချောင်းဝယ်ရေး ကောင်းသည်ဖြစ်
စေ၊ မကောင်းသည်ဖြစ်စေ၊ စီးပွါးရေး ချောက်ချားမှု

မကျေကျ အတိုးကိုကား သတ်မှတ်သော နှုန်းအတိုင်းပေး၍ ထားသည်။ ထိုသို့ပေးရသည်မှာလည်း၊ ကင်းဝန်မင်းကြီး ဘိုးဘေးလက်ထက်ဆီကစ၍၊ ယခုဦးပုဘို့ လက်ထက်သို့တိုင် ဖြစ်ပေ၏။

ကမ္ဘာစစ်ကြီးမဖြစ်မီက၊ တရုတ်အစိုးရသည် ငွေ ကောက်ကမအောင်ဖို့ရဖြစ်၍၊ နိုင်ငံခြားသူဌေးများသည်၊ အစိုး ရကိုထောက်ပြီး၊ မီးရထားလမ်းဖေါက်ခွင့်ကိုချအောင် ယူလေ၏။ မီးရထားလမ်းဖေါက်သောအခါ၊ လမ်း မိုင် များစေခြင်းငှါ၊ တောင်တက်တောင်ဆင်းများများ၊ အ ကွေ့အကောက်များများဖြင့်ဆောက်လုပ်သဖြင့်၊ မိုင်များပေ ဖြင့် ငွေများများကုန်၏။ ထိုသို့ နိုင်ငံခြားသူဌေးကြီးများ ကား၊ သတ်မှတ်ထားသော နှုန်းအတိုင်း အတိုးချကြ၏။ ဤမီးရထားများကို တရုတ်က အုပ်ချုပ်ခဲ့သည်မဟုတ်၊ နိုင်ငံခြားသားများကပင် အုပ်ချုပ်၍၊ သူတို့ကို သူတို့ တိုင်းပြည်မှ စစ်သင်္ဘောများက-ကာကွယ်ပေး၏။

၁၈၉၇-ခုနှစ်တွင်၊ တရုတ်အစိုးရသည်၊ မီးရထား ဆောက်လုပ် ချိန်အတွက်၊ ဗြိတိသျှ ကုမ္ပဏီ အစား ဘယ်လ်ဂျီယံကုမ္ပဏီကိုပေးမိသည်။ ဗြိတိသျှနန်းရင်း ဝန် ဆယ်လ်စဘာရီသည် အမျက်ထောင်ပြီး တရုတ်အစိုး ရထံမှ၊ အင်္ဂလိပ်ကုမ္ပဏီတို့အဘို့ အချင်းသုံး မီးရထား လမ်း၊ ၆-လမ်းပေးရမည်ဟု တောင်းဆိုရန်၊ ဗြိတိသျှ သံအမတ်အားအမိန့်ချမှတ်လေ၏။ 'ဤဟာကိုမလိုက်နာဘဲ

ပေသည်၊ ကျွန်ုပ်တို့သည် တရုတ်ပြည်က ကျွန်ုပ်တို့အား တမင်ရန်မူသည် ယူဆပြီးလျှင်၊ ယူဆချက်အတိုင်း ဆောင်ရွက်မည်ဟုပြောရမည်။ ဓရေကြောင်းဒိုလ်နှင့် တိုင်ပင်ပြီးနောက်၊ ဘယ်နေ့ဘယ်ရက်အတွင်း တရုတ်တို့ ဝကားဖြေရမည်ဟု ရက်ကန့်သတ်ပေးပါ"ဟု အမိန့်ရှိလေသည်။ ဗြိတိသျှစစ်သေနာပတိသည်၊ ဟောင်ကောင်တွင် စွဲချက်ရှိ၏။ ထို့ကြောင့် ဗြိတိသျှကုမ္ပဏီတို့သည် မိုင် ၂၀၀၀ ရှည်သော မီးရထားကိုဖောက်ရန်၊ ကံထိုက်တရုပ်အစိုးရထံမှရလေ၏။

မီးရထား ဆောက်ပြီးလျှင်၊ သတ္တုတွင်းတူးရန်၊ ရေနံတူးရန်စသည်တို့သို့ရောက်ကုန်၏။

၁၈၉၅-ခုနှစ် မတိုင်မီက ဂျာမနီသည် တရုတ်ကို ဝင်ပူးပြီး၊ ဘက်ကာအက်ပြီးအထိ၊ မီးရထားဖေါက်ခွင့်ကို တောင်းယူ၏။ ဂျာမနီသည်၊ (အတ်တလတ်)တောင်မှာရှိသော သံများနှင့်ရေနံများကိုလိုချင်၏။ သံများရလျှင် ဂျာမနီတွင်ကျပြီး၊ မီးရထားလမ်းကြီးကို၊ အိန္ဒိယအနောက်မြောက်နယ်စပ်သို့တိုင် ဖေါက်နိုင်ပေလိမ့်မည်၊ ထိုအကြံကို ဗြိတိသျှတို့က ကန့်ကွက်၏။ နောက်၊ ပထမကမ္ဘာစစ်ကြီးဖြစ်လာလေတော့၏။

ဤသို့သော အကျိုးများကို၊ မြေပိုက်သဖြင့် ဓနရှင် နိုင်ငံကြီးများသည်၊ ကိုလိုနီတို့ကို ထိန်းယူလေ ရား၊ နောက်ဆုံးတွင် တကမ္ဘာလုံးကုန်လေ၏။ တောကြီးမျက်ခဲ

နှင့် ရေငုံဖြစ် ဟာသလေသာဟင်းများပင်ကျန်၊ အသားလုံးကုန်ကို ကမ္ဘာ့ခေနရှင်နိုင်ငံကြီးတို့က သိမ်းပိုက်ထားကြလေ၏။ ထိုသို့သိမ်းပိုက်ရာ၌၊ သူတို့အချင်းချင်း ညီညွတ်စွာ ညီတူမျှတူ ခွဲဝေကြသည်မဟုတ်၊ ခါးပြတ်တွေ ဝေရတေသည့်သကဲ့သို့ပင်ဖြစ်၏။ ထိုအခါ ကျေနပ်စွာ ရထားသူနှင့်၊ မကျေနပ်နိုင်သူနှစ်မျိုးပေါ်ခဲ့လေ၏။ ကျေနပ်နေသူထံမှ၊ မကျေနပ်သူက ကိုလိုနီများကို လုယူရန်ဖိုင်းပြင်းဖြန်လေ၏။ ကျေနပ်သူနှင့် မကျေနပ်သူတို့ အတိုက်အခံဖြစ်ကြလေ၏။ ၁၉၁၄-၁၈-ခုနှစ် ပဌမ ကမ္ဘာစစ်ကြီးမှာ၊ ကျေနပ်သော နယ်ချဲ့သမားတရနှင့်၊ မကျေနပ်သော နယ်ချဲ့သမားတရတို့၊ တိုက်ခိုက်ကြခြင်းပင်ဖြစ်လေသည်။ ယခုအချိန်တွင် တိုက်ခိုက်နေသော စစ်ပွဲမှာလည်း၊ ထိုနှစ်ရပ် ဒိုဝ်လုနေကြခြင်းဖြစ်ပေ၏

# ( ၄ )
# လက်အောက်ခံနိုင်ငံတို့၏ မက်လုံးများ။

"အိန္ဒိယပြည်ကိုဓါးနှင့် နိုင်ထားသည်၊ ထို ဖြင့် လွတ်မထွက်နိုင်အောင် ဓါးနှင့်ပင် ထိမ်း ကိုက်ထားရမည်''....

ဆာဝီလီယံ ဂျွန်ဆန်ပာခ်တ်စ်၊

အင်္ဂလိပ်ထုရင်မင်းဖြတ်ချုံသရုပ္ပတွင်၊ အိန္ဒိယပြည် သည်၊ အမိုးအသန်ဆုံးသောပဏ္ဍာမြားရတနာကြီးဖြစ်သည် ဟုပြောကြသည်။ အဘယ်ကြောင့်နည်း။ အိန္ဒိယပြည်ကို "ဓါးနှင့်ပင်ထိမ်းကိုက်ထားရ''သောကြောင့်၊ အင်္ဂလိပ် အမိုးရတွင်သောများရပါသနည်း။ အင်္ဂလိပ် အစိုးရကား၊ အိန္ဒိယပြည်မှ တရုတ်ဘူမရပ္ပါ။ အင်္ဂလိပ်ဓနရှင်ကြီး များမှာသာ အမြတ်ငွေ ကြောက်များစွာရပါသည်ဟု ဖြေ ရပေလိမ့်မည်၊

ပြီးခဲ့သောအခန်းတွင်ဖော်ပြခဲ့သည့်အတိုင်း၊ အရင်း ငွေများ ဆိုးဓနရှင်တို့သည်၊ လက်အောက်ခံနိုင်ငံများတွင် မြုပ်ထားရှိပေရာ၊ အိန္ဒိယပြည်၌၊ အင်္ဂလိပ်ဓနရှင်တို့မြုပ် ၍ ထားသောအရင်းငွေမှာ၊ ရွှေဒင်္ဂါးသန်းပေါင်း ၇၀၀-မျှ ရှိသောသည်။ (ဖဆေငွေ-ထုရေပတဘဝေထောဝင်ကျော်၊)ဤငွေတို့

ကသားငွေပိုတို့ရှိသဖြစ်၍၊သူတို့နိုင်ငံတွင် ကုမ္ပဏီကြီးများ ထပ်၍ လုပ်စရာမလိုသဖြင့်၊ အိပ်နေသော ငွေများကို အိန္ဒိယပြည်၊ဗမာပြည်တို့တွင် မြုပ်နှံထားခြင်းသာဖြစ်၏။

ထိုငွေတို့ဖြင့် ကျွန်ုပ်တို့ အိန္ဒိယပြည်နှင့်ဗမာနိုင်ငံများတွင်မီးရထားဆောက်သည်၊သတ္တုတွင်းတူးသည်၊ သင်ကုန်ကူးသည်၊ဘင်္ဂလားပြည်ရှိ ကျောက်မီးသွေး တွင်းများကို၊ထိုလူကြီးတို့ပိုင်၍၊ တနှစ်အတိုးအရင်းငွေ ၁၀၀ လျှင်အမြတ်ငွေ ၁၀၀-ရရှိလေသည်။ အလုပ်သမားများကိုတနေ့လျှင်၊ ၇-၈ပဲပေး၍ရနိုင်သည်။ကလကတ္တားမြို့ပေါ်နှင့်ပတ်ဝန်းကျင်၊ဂုံချည်စက် ၅၁-စက်ရှိသည့်အနက် ၃၁-စက်သည်၊တခါတခါ တနှစ်လျှင်အမြတ်ငွေ ၁၀၀ ရာနှုန်းနှုန်းရလေသည်။ ထိုဖြစ်ပြီးနှင့်၊ စက်တို့အသုံးစာရင်းကိုကြည့်ရှု၊ ၎င်းတို့၏အမြတ်ငွေသည်၊ အလုပ်သမားတို့အား ပေးသောအခကြေး ၇-ဆဖြစ်သည်ကိုတွေ့ရလေသည်။

ဤကား၊ တိုက်ရိုက်ရသော အမြတ်ငွေများသာ ဖြစ်သည်။အိန္ဒိယပြည်၊ဗမာပြည်တို့တွင်၊ အိုင်-စီ-အက်စ် ရာထူး၊ရာဇဝတ်ဝန်၊ မန်နေဂျာ ပါမောက္ခ၊ ကထိကအရာများဘို့လည်း၊ အင်္ဂလန်ပြည်ရှိပညာတတ်အလုပ်လက်မဲ့ကလေးများသည်၊လွယ်လင့်တကူရလေသည်။ ထံတားဆောက်ရန်၊ တိုက်တည်ရန် စသည်တို့အတွက်လည်း၊ အင်္ဂလိပ်ကုမ္ပဏီများပင်ရကြသည်။ ဂျုံးမြို့ရေကန်ကြီးဘယ်ကန် ထမြောက် တေးများ ရသွား သနည်း၊ ကျွန်ုပ်

ဘောလကာကျွှားတွင် ရှိနေစဉ်က၊ ဟူဂေဘီ ဟဲဘားဗြီး ဆောက်လုပ်ရန်အတွက်၊ ကန်ထရိုက် ခေါ်သေသည်။ အင်္ဂလိပ်ကုမ္ပဏီတရုတ်ငွေ ၀၀–သိန်း ဖြင့်ဆောက်မည် ဟုအသိးသိ.ဈေးဆိုကြခလေရာ၊ အင်္ဂလိပ်ကုမ္ပဏီကိုပေး လိုက်လေသည်။ (တသိန်း၊ နှစ်သိန်း အမှန်းနှင့် ကွာချင်ကွာ မည်။ မှတ်မိသလောက်သာဖော်ပြရသည်) ဘဏ်ဘိုက် ကြီးများသည်း၊ အင်္ဂလိပ်ဘဏ်ဘိုက်ကြီးများ ဖြစ်သည်။ ရောဝတီ သင်္ဘောကုမ္ပဏီက အားခံ ထား.သောအခါ၊ အင်္ဂလိပ်အာမခံ ကုမ္ပဏီကြီးများ.တွင်၊ ထား သေးသည်။ ဤတွင်အဆွေတော်အခြေ တကြိ ရုပ်ပြီ ၊ သိတ်မကောက် ရန်ကြီးရွယ်နေသည့်၊ အင်္ဂလိပ်အထည်အလိပ်၊ အင်္ဂလိပ် ကုန်ပစ္စည်းတို့ထံမှရသော အမြတ်ငွေများကို၊ တည်မ သောဘ်ပြလိုက်ပါ၊ ထိုငွေမှာမဆုံးပြသပလောက်ပါ။ အစိုးရ သည်ငွေလိုသဖြင့်၊ ငွေချေးတိုင်းလန်ဒန်မြို့တွင် သွား၍ ချေးလေသည်။ အစိုးရကြွေ.ဟူသမျှ လန်ဒန်မှာသာ၍ ပေးရသမျှသောအတိုးတို့သည်၊ လန်ဒန်သို့သွား.၍၊ သင် ထိရသည်မှာ–ဗိမ္ဗိသပြည်သို့ ကြွေ.ဆပ်ရသည်ဟုဆိုရ သည်။ အမှန်မှာ–ဗိမ္ဗိသထံမှတဆင့် လန်ဒန်သို့ဆပ်နေ ရပေသည်။

ထိုမျှသော အကျိုးအာနိသင်တို့ကို အင်္ဂလိပ်ရှေ့နေ တို့သည်ခံစားနေခဲ့လေရာ၊ ဟစ်ဘလောတို့လှူရသည်၊ မနော လိုတဲ့နေနိုင်ပါမည်လော။

ဖြိုတ်သူနှင့်တန်းတူပင်ဖြစ်ပါသည် ဆိုသော၊ ဗြဲ

စသော ဗီသာ၊ ရှမ်ပိန်သန့် ကြီးများ၊ လန်ဒန်သို့ ကြွေးတင် နေလေရာ၊ တနှစ်လျှင်အတိုးချည်း ရွှေဂင်နီသန်းပေါင်း ၃၀-ဆပ်နေရလေသည်။ အဘယ်၍ ကြွေးမဆပ်ချင်း ဘာဖြစ်သည်နည်း။ တခါက-နယူးဖေါင်သံ့အမိ ရသည်၊ လန်ဒန်သို့အကြွေးမဆပ်တဲ့နေလေရာ၊ သူ့လွတ်လပ်ရေး ကိုပယ်ဖျက်ပြီး၊ လန်ဒန်က တိုက်ရိုက်ချုပ်ချယ်မိတ်ဘူး သောအရေးရှိလေသည်။

ဗြိတိသျှကိုအားကျသဖြင့် အီတလီသည်၊ အဘိဆီး နီးယားကို အတင်းတိုက်ယူ၏၊ ဂျပန်သည် တရုတ်ကိုအ တင်းတိုက်ယူ၏။

“ငါတို့ဟာ အဘိဆီးနီးယားဆီက၊ ဝါကွမ်းနဲ့ကော်ဖီ လိုချင်တယ်။ ငါတို့ကချည်းယူတာမဟုတ်ဘူး၊ သူတို့ကို လဲ-ငါတို့က မီးသတ်ဆေးဘင်ဘားတို့၊ အရက်တို့၊ သူ တို့ကိုရောင်းမှာပဲ၊ တို့ကိုယ်တိုင် ဝါကွမ်းသွား ရိုက်မယ်။ ကော်ဖီလဲတို့ပဲရိုက်မယ်။ တို့မှာငွေတွေအိပ်နေတာကြာ ပြီ၊ ဟော အဘိဆီးနီးယားမှာ အလုပ်သမားတွေလဲ ဈေး ပေါပေါနဲ့ရမယ်။ ဝါကွမ်း အဝယ်တော် ပွဲစား တွေဟာလဲ တို့လူမျိုးဆိုတော့၊ ပွဲခကိုတို့လူမျိုးဘဲရမှာပဲ။ ပြီးတော့ တို့သင်္ဘောကြီးနဲ့ တင်လာတော့၊ သင်္ဘောခလဲတို့လူမျိုး ဘဲရရောပေါ့-ဘယ်လောက်ကိုး။ သင်္ဘောတွေကို၊ တို့ ဘဏ်ကြီးတွေက 'ငွေချေးတာ၊ အာမခံ လုပ်စရာရှိလဲ၊ တို့ဘဏ်ကြီးတွေကဘဲ လုပ်၊ လမ်းတွေ ဆောက်မယ်၊ ထုံဘားတွေဆောက်မယ်ဆိုသဲ့ တို့ကန်ထရိုက်ကြီးတွေ

ရုပယ်ဒေရပ်ချုပ်တို့မနိုးချာတွေ၊ အရေ-ချဲကြီး ခေတ္တပုလိပ်
တွေကသတိုလှုရရည်ဖြစ်ကြရေး၊ ဒါမှတို့ကောင်တွေ့၊
မှာ။ ထကယ်ထိုသာတို့မိုးသတ်ကားတွေကိုဖိနှိပ်ကို၊
ရှင်၊ တို့ကောင်တွေလဲ စားရမှာမဟုတ်ဘူး။ မြို့ခေတ္တ
အင်္ဂလိပ် နဲ့တွေလို အကောက်ခေတ်ါ ချောင်မှာမဟုတ်
ဘူး၊တို့မဟာဖြည်မှာ မိုးသတ်ကားတွေ့ ၊တဲ ကြာ့ာ့ပြီ၊
ချောင်းထိုလဲမတွင်ဘူး၊ကျွင်ပါ၊လား။ အင်္ဂလိပ်တော်ခေတ္တ
လိုမှာအချွန်အကောင်တွေမသက်သာတဲ့ဟာကို၊ မြို့ခေတ္တ
ထဲ၊ တို့ကြိုက်ရေးနဲ့ ဆိုရှိုက်ကာဝါဒ်ွင်း သယ်ခေတ္တမှာမှာ
မဟုတ်ဘူး၊ ရှေ့အိုးတော့တို့ငွေအရင်းအနှီးနဲ့ လုပ်မှာ
မဟုတ်ဘူး။ တို့ဆီမှာရှေ့ပြုနေတဲ့ပညာထက်အလုပ်လက်
ထလေးတွေလဲ၊ပွဲစားကလေးသာကလေးမှ လုပ်လိုရှမှာ
မဟုတ်ဘူး၊ လမ်းဘောက်တွင်ကနံထရိုက်လဲမရှိတော့ဘူး၊
ပေါ့၊ပဟာ-တို့သဘော်ကြီးတွေလဲတုန်းဆောင်ထိုးတား
ရမှာတဲ့။"

ဤသည်ဖြင့် မူဆိုလိနီနှင့်တကွသော၊ဆီတလီအပေါင်
တန်းစားကြီးများသည်တွေးကြ၏။တွေ့ဆိုတိုင်း အင်္ဂလိပ်
ကိုနှလုံးကြ၏။သူ့ လိုဖြစ်ရန်ကြိုးစားကြ၏၊ သူတို့အတို
ကနွယ်တွင်နယ်လွှတ်ကလည်းမရှိသလောက်ဖြစ်နေပေ၏။
ထို့ကြောင့်-သူတို့သည် အင်္ဂလိပ်၊ ပြင်သစ်တို့ထံကလု
ယူဘို့သာစိတ်စောနေကြလေ၏။

ဗြိတိသျှတို့မှာလည်း၊ လက်အောက်ခံနိုင်ငံ၏အရသာ
ကိုခံစားခဲ့သည်မှာကြာပြီဖြစ်၍၊ လက်အောက်ခံနိုင်ငံမပါ

တဲ့နှင့်ဖွေးမှမဖွေးဘူးဈေးအစားအသောက်ကို နေ့စဉ်လိုသကဲ့သို့ ထက်အောက်ခံနိုင်ငံကိုလည်း၊ နေ့စဉ်လိုနေသည်ဟု ဗြိတိသျှတို့က ယူဆ နေခဲ့ပါသည်။ ဗြိတိသျှ နေရှင်တို့၏ အသက်သည်ဘယ်တွင် တည်ရှိနေသည်ကို အောက်ပါစာရင်းကကြည့်လျှက်ရှိပါ၏။

(ကမ္ဘာ၏ အကြီးအကျယ်ဆုံးသော နေရှင်နိုင်ငံကြီးနှစ်ခုကိုယှဉ်၍ပြလိုက်သည်။)

ဗြိတိသျှနှင့်အမေရိကန်တို့၏ထွက်ကုန်များ. ၁၉၃၀။

| တိုင်းပြည်သို့ | ဗြိတိသျှထွက်ကုန်၏တန်ဘိုး ငွေ ဒေါ်လာ ထောင်ပေါင်း။ | အမေရိကန်ထွက်ကုန်၏ တန်ဘိုး ငွေ ဒေါ်လာ ထောင်ပေါင်း။ | ဘိလိပ်က ၁၀၀ ဘိုး ရောင်း ရလျှင် အမေရိကန်ကား |
|---|---|---|---|
| အိန္ဒိယ | ၅၂,၉၄၄ | ၉,၀၃၆ | ၁၇ |
| အိုင်ယာလန် | ၃၄,၄၉၇ | ၂,၇၄၅ | ၀ |
| ဩစတြေလီးယား | ၃၁,၆၇၀ | ၁၅,၁၉၀ | ၄၀ |
| ပြင်သစ် | ၂၉,၆၉၀ | ၄၄,၇၉၂ | ၁၅၀ |
| ကနေဒါ | ၂၉,၁၀၃ | ၁၃၁,၀၁၉ | ၄၅၃ |
| ဂျာမနီ | ၂၆,၀၀၉ | ၅၅,၆၅၂ | ၂၀၇ |
| တောင်အာဖရိက | ၂၆,၄၆၂ | ၇,၆၁၆ | ၂၉ |

| | | | |
|---|---|---|---|
| အာလျှင်ဟိနား | ၂၅,၂၃၄ | ၂၅,၈၇၂ | ၁၀၃ |
| နိသာသင်း | ၁၇,၀၆၀ | ၂၀,၉၀၃ | ၁၁၁ |
| နျူးဇီလင် | ၁၇,၀၆၇ | ၅,၉၆၅ | ၃၃ |
| ဘယ်လ်ဂျီယန် | ၁၅,၀၃၅ | ၁၇,၂၀၁ | ၁၁၅ |
| ဆီတာသီ | ၁၃,၀၃၅ | ၂၀,၀၇၆ | ၁၄၆ |
| နော်ဝေ | ၁၂,၉၃၁ | ၄,၁၅၆ | ၃၁ |
| မလာယား | ၁၀,၄၇၅ | ၁,၉၂၀ | ၁၇ |
| ဘင်းလတ် | ၁၁,၂၄၈ | ၇,၀၄၈ | ၇၈ |
| ဆွီဒင် | ၁၁,၀၆၇ | ၇,၉၇၄ | ၉၀ |
| ဆီချစ် | ၈,၀၀၀ | ၁,၇၀၁ | ၁၇ |
| စပိန် | ၈,၃၃၅ | ၁၁,၅၀၁ | ၁၂၄ |
| ထရုပ် | ၇,၅၇၄ | ၁၇,၈၂၀ | ၂၀၈ |
| ဂျပန် | ၇,၂၂၈ | ၃၂,၉၀၄ | ၄၀၁ |
| ဘာဇူဒီ | ၇,၈၇၀ | ၁၀,၇၆၂ | ၁၃၄ |
| ရုရှား | ၆,၇၇၂ | ၂၂,၂၇၂ | ၃၃၀ |
| နိုင်ချိုရီးယား | ၆,၄၀၀ | ၇၀၆ | ၁၂ |

အထက်ပါစာရင်းကိုကြည့်ပါ၊ ဗြိတိသျှကုန်တို့သည် အိန္ဒိယ၊ ဩစတြေးလျ၊ တောင် အာဖရိက၊ နျူးဇီလန်၊ ဆီချစ်၊ မလာယားနှင့်၊ နော်ဝေ၊ဆွီဒင် စကင်ဒီနေဗီးယန်းတိုင်းပြည်များတွင် ရွှမ်းသည်။ အမေရိကန်ကုန်များမှာ၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယန်၊ ဆီတာသီ၊ ဟော်လန်၊ ထရုပ်၊ ရုရှား-စသည်တို့တွင် ရွှမ်းသည်။

ထိုပြည်များမှာ-အမေရိကာ၏ လက်အောက်ခံများမဟုတ်၊ အင်္ဂလိပ်ကုန်ထွန်းသောပြည်များမှာကား၊ အင်္ဂလိပ်လက်အောက်ခံနိုင်ငံများသာဖြစ်ခဲ့လေသည်။ (နော်ဝေ၊ ဆွီဒင် စသောနိုင်ငံတို့ကား၊ ( အင်္ဂလိပ်လက်အောက်ခံ နိုင်ငံသဘောသက်ရောက်ချက်ရှိသည်။ လက်အောက်ခံ နိုင်ငံဝန်ကြီး၊ အမေရိကဆိုသူကား၊ ၎င်းတို့အားအင်ပိုင်ယာတွင်းသို့သွင်းလိုက်ဘို့ပင်၊ အဆိုသွင်းဖူးခဲ့လေသည်)အင်္ဂလိပ်ကုန် ၁၁၀-ဘိုးရောင်းမှ၊ အမေရိက ၂၀-ဘိုးမျှသာရောင်းရသောတိုင်းပြည်များမှာ၊ အိန္ဒိယ၊ အီဂျစ်၊ နိုင်ဂျီးရီးယား၊ မလေးယားတို့ပင်ဖြစ်ရာ၊ ထိုပြည်များကားဘယ်သို့သော တိုင်းပြည်များနည်း။ ကနေဒါ၊ သြစတေလီးယားတို့လိုမျိုးမဟုတ်သလဲ။ ဗြိတိသျှချုပ်ချယ် ဖွံ့ဖြိုးမှုအများဆုံးသောပြည်များဖြစ်ခဲ့သည်။

ဤအချက်များကိုထောက်သော်၊အင်ပိုင်ယာကြီးသာမရှိပါမူ၊ အင်္ဂလိပ်နေရှင်တို့သည်၊ သူတို့၏ ထွက်ကုန်များကို၊ သမုဒ္ဒရာထဲသို့သာ၊ ဖွင့်ပစ်ဘို့ ရှိပေလိမ့်မည်။ ထို့ကြောင့် အင်္ဂလိပ်ကလည်း၊ ဘယ်နည်းနှင့်မျှ လက်အောက်ခံနိုင်ငံတို့ကို မလွှတ်နိုင်၊ ဆုတ်ကိုင်နိုင်သမျှကိုင်ထားမည်၊ ဂျာမနီ၊ အီတလီ တို့ကလည်း၊ သူ့လက်အောက်ခံတွေကိုလုယူချင်သည်။

လွန်ပွဲကြီးဆွဲနေကြလေပြီ။

## ( ၅ )

## စီးပွားရေးချောက်ကြီးများ

“နေရှင်ဆေ သဘာအာတို့ ဤနှစ်များသည် စီးပွားရေးနိုင်ငံရေးတို့၌ ဗျူးဗျင်းဆန်ခတ်လှုပ်ရှားနေ၏၊ စီးပွားရေးဘက်၌၊ ဤနှစ်များအတွင်း၊ အကြင်ဆိုက်ခဲ့ပြီ၊ အရောင်း အဝယ်ကျခဲ့ပြီ၊ ၁၉၃၇ နှစ်နောက်ပိုင်းကစ၍၊ စီးပွားရေး ချောက်တွင်းသို့ နေရှင်ဆေတောကသည်သက်ဆင်းလာခဲ့ပြီ၊ အမေရိကား၊ အင်္ဂလန်၊ ပြင်သစ်တို့၏ထွက်ကုန်များလျော့လာခဲ့၏”——၁၀ (ကြိမ်) ပြောက်၊ ရုရှားပြည်တော်မြို့နှစ်ပါတီ ညီလာခံတွင်၊ စတာလင်ပြောချက်၊

(ဂျွန်ထေရတ်-နဂါးနီသတင်းမှယူသည်)

ကုန်လုပ်ကြီးသားများကား၊ တိုးတက်ကြီးမားလာ၏၊ ငွေအရင်း များမှာလည်း များပြားလာခဲ့၏၊ စက်ရုံသွားဗိုက်မထားတဲ့ တိုးချဲ့သည်ထက် တိုးချဲ့ချင်သော နေရှင်သည်၊ကုန်ကိုအဆက်မပြတ်လုပ်၏၊ လုပ်ပြီးကုန်ရှိသော်လည်းဆင်းရဲသားလူထုများမှာပိုက် ဆံမရှိ၍ဝယ်အားမရှိသဖြင့်၊ရောင်းမျှမထွက်ဘဲကုန်ဖြစ်နေလေ၏၊တကမ္ဘာလုံးရှိဈေးများတွင်လည်း၊ ရှင်းတို့၏ကုန်ပစ္စည်းတို့ဖြင့် ပြည့်နှက်လျက်

ရှိ၏။ ထိုအခါသွဲ့မရှောင်သာသဖြင့်၊ စက်ရုံများကိုပိတ်
လိုက်ရ၏။ များစွာသောအလုပ်သမားများအလုပ်လက်မဲ့
ဖြစ်ကုန်သော်၏။ ကုန်ပစ္စည်းများကို လာသ်တွန်း၍ ဖျက်မျိုး
သောတောင်သူများမှာ၊ကုန်ပစ္စည်းကိုအချောလုပ်မည့်စက်
ရုံများပိတ်ထားသဖြင့်၊ အလုပ်လက်မဲ့ဖြစ်ကြရပြန်လေ၏။
စက်ရုံများပိတ်လိုက်သဖြင့်၊ ဘဏ်တိုက်တွင်ငွေ [illegible] သည့်
နိုင်အောင် ဖြစ်သွားလေ၏။ ထွက်ကုန် တို့ ဖို [illegible] ခကြ
သဘောကြီးလည်းကုန်အောင်ထိုးထားရလေ၏။ ဤကား
စီးပွားရေး ကျောက်ကြီးပင် ဖြစ်သတည်း။ ဤစီးပွားရေး
ကျောက်မျိုးကားမနေ့ရှင်လောက တွင်၊ အကြိမ်းအားဖြင့်၊
၁၀-နှစ်တကြိမ်သော်ဖြစ်ပွားခဲ့၏။

အင်္ဂလန်၊အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ စသောနေ့ရှင်
လောကကြီးကို၊ ကြီးစိုးနေကြသော မော့ဂင်ကုမ္ပဏီကြီး
၂၁-ကျော်မျှရှိ၏၊ ထိုကုမ္ပဏီအချို့ကို ထိခိုက်လာသောအ
ခါ၊တကမ္ဘာလုံးခြောက်ခြားသွား၏။

ဂျာမန်သံမဏိကုမ္ပဏီ(G:rman Steel Trust) ကို
၁၉၂၆-ခုနှစ်က၊ အရင်းရွှေဒင်္ဂါးသန်းပေါင်း ၇၂-သန်း
နှင့်တည်ထောင်ထား၏။ ဂျာမန် ဆိုးစေသတ် ကုမ္ပဏီ
( German dyestuffs )ကို၊ ၁၉၂၅-ခုနှစ် တွင်၊
အရင်းရွှေဒင်္ဂါးသန်းပေါင်း ၆၀-ဖြင့် တည်ထောင်ခဲ့၏။
အိုင်စီအိုင် (Imperial Chenical Industries) အရင်း
ရွှေဒင်္ဂါးသန်း ၆၀၊ ယူနီလီဗာအရင်းရွှေဒင်္ဂါးသန်း - ၂၀၀၊

စစ်ကားစ်အပ်စတေရောင်၊ အရင်း ရွှေဂေါ်၊ သန်းပေါင်း ၇၀ ယူဘတ်စ်၊ ဝတီးဆောင်ပိုရေးရှင်း၊ အရင်း ဒေါ်လာငွေ သန်းပေါင်း ၁,၃၇၀ စသည်တို့နှင့်၊ ကုမ္ပဏီ ကြီးများ တည်ထောင်ထားလေသည်။*

ထိုကုမ္ပဏီကြီးများမှာ မိနပ်ခေါင်း၊ သားရေ၊ ပိုးဝါ၊ ရေကြည်ဓာတ်ပြင်ဆေးမှစ၍၊ သံဘီ၊ မော်တော်ကား၊ ဆပ်စက်၊ ဗုံး၊ ဓါတ်ငွေ့များသို့တိုင် လုပ်ထုတ် ကြလေသည်။ သင်သည် သူတို့ပေါ်လျှင်၊ အဆင်ဆန်းမှု လုံချည်များမဝတ်ရတော့ဘဲ၊ ငိတ်ဖြူကိုစီး၍ ဖိုးသူတော်လိုအ ရလိမ့်မည်။ ဝါဒရေးချင်၍ ပေါ်ရောဘဲ ရှိုးမည်။ သင့်လယ် တော ပိုးကျသေသော်လည်း၊ သူတို့နှင့်လျှင် ကြည့်နေရတော့ မည်။ သင့်ရည်းစားက လေးခေသော ထက်ကိုင်ရပ်ဂါကလေး ညစ်၍ရှုရော့ခိုင်မည် ပေးတော်ပေ၊ သူတို့သည် တကမ္ဘာ လုံးကို ချုပ်ကိုင်နေကြပေ၏။ သူတို့ချောက်ကျသေသော အခါ၊ နေနှင့်ထော်က တလုံး ချောက်ကျလေတော့၏။ သင် ချောက်ကျလျှင်လည်း၊ သူတို့ပဓာဝါဟု၍သော ပုံဆ လေတော့။

၁၉၂၉-ခုနှစ် စီးပွါးရေးချောက်ကြီးမတိုင်မီက၊ အမေရိကန်ပြည်ရှိကုန်လုပ် (စက်ရုံအလုပ်ရုံများ) နိုင်သော ငွေအားအား၏ ၂၀ ရာနှုန်းမှာ၊ အသုံးမပြုဘဲထားရလေသည်။

---

* ထို့ကြောင့်လည်း၊ အမေရိကန်ပြည်တွင် ငွေတသိန်း ၂-သိန်းဖြင့် ထေးနင်း တည်၍ ရှင်နေသူ ကောင်းမွန်စွာ လေ့လာကြ၍၊ ကျွန်ုပ်တို့ ကမ္ဘာနှင့် အမည်မပေးသော နေ့ရှင်ပေါက်ဟုဆိုသော ကြီးပြင်းပြင်ပေ၏။

၁၉၂၉-ခုနှစ် စီးပွါးရေး အကြပ် ရိုက်လာသော အခါ၊ များပြားစက်ရုံတို့ကိုပိတ်ထားရသည်။ လုပ်ပြီးကုန်အချို့ကို ဈေးကျမသွားအောင်၊ ပင်လယ်တွင်းသို့ပစ်ချရလေသည်။ အချို့ကိုမီးရှို့ပစ်ရသည်။ မော်လ ၁၉၃၅-ခုနှစ်တွင်ထုတ်သော ဂျာမနီ စီးပွါးရေး ပါမောက္ခအဖွဲ့မှ ဖြန့်ထန်းအရဆိုသော်၊ ထိုအချိန်တွင်၊ အမေရိကန်၏ကုန်လုပ်ငန်းအား၊ ၄၂ ရာနှုန်း၊ ကနေဒါ၏ ၄၂ ရာနှုန်း၊ ပြင်သစ်၏ ၃၈ ရာနှုန်း၊ အီတလီ၏ ၃၂ ရာနှုန်း၊ ဂျာမနီ ၂၇ ရာနှုန်းအင်္ဂလန်၏ ၁၂ ရာနှုန်းသည် အသုံးမချရဘဲ နေလေသည်။

အကယ်၍၊ အမေရိကာ ပြည်တွင်၊ ကုန်လုပ်ငန်းအားရှိသလောက် လုပ်လိုက်ရမည်ဆိုသော်၊ အမေရိကန်လူမျိုး ၁၅-သန်းသော အိမ်ထောင်သည် တို့သည်၊ တအိမ်ထောင်လျှင်၊ ဒေါ်လာငွေ ၁၀၀၀ (ဗမာငွေ ၄၀၀၀ ကျော်)စီ တိုးရှိဝင်ငွေရှိကြလိမ့်မည်ဟု တွက်ကြလေသည်။

စီးပွါးရေး ဂျောက်ကြီး၏ နောက်ဆုံးနှစ်ဖြစ်သော၊ ၁၉၃၂ ခုနှစ်တွင် ကမ္ဘာ့ကုန်ထွက်အားမှာ(ကုန်ထွက်အားနှစ်ဆ တိုးလာသော ဆိုဗီယက် ရုရှား မပါလျှင်) ၁၉၂၅-၂၉ ခုနှစ်အတွင်း၌ တနှစ်လျှင် ဖြန်းမျှကြေး ၁၀၀ထွက်သည်ထားလျှင်၊ ၄၂ မျှထွက်ကုန် လျော့လေသည်။ ၁၉၁၄ ခုနှစ် ပထမစစ်ကြီးမဖြစ်မီက၊ ၁၀၀ လျှင် ၇ မျှသာ လျော့သောထုတ်ကုန်ရှိသေး၏၊ ထိုနှစ်တွင် အလုပ်

ထက်ခဲ့ လူဦးရေမှာ သန်းပေါင်း ၄၀ ရောက်ရှိလေခဲ့ပေ၏။

ကမ္ဘာ့နေ့ရှင်စံနှုန်းကြီးကား၊ အိုမင်းမစွမ်းအရွယ်သို့ ရောက်လေပြီ၊ကမ္ဘာ့ကျိုးတိုးတက်ရေးကို ပေးသော ခေတ်သဘောတရားများကား။ထိုစံနှုန်းတွင် ကုန်စပြုလေပြီ။

နေ့ရှင်စံနှုန်းအရ၊ ကမ္ဘာ့စီးပွားရေး စက်ကြီးသည်၊ ထည်နေ့ခဲ့ရာအမြတ်ငွေများမှာ၊ကြီးမားသည်ထက် ကြီးမားနေသော အရအပုံကြီး ဖြစ်လာလေ၏၊ အရအပုံကြီး ထောင်လောမြင့်နှံ စခုနေရာရှာရလေသလေဖြစ်သော၏၊ ကုန်ထုပ်စွမ်းအားတို့ကား ၊ တိုး၍တိုး၍ သာလေလေရာ၊ “အဆိုင်” ၍ပြန်နေတော့၏၊ ထိုအတွင်း စီးပွားချောက်ကြီးက ငွေ၍ ရှုပ်ထွေးမှုများကို သန့်စည်းပေးပြန်လေ၏၊ စီးပွားရေး ချောက်ကြီးသည်၊ မြေနှိမ့်ရာတွင် မိုက်ဆိုသကဲ့သို့၊ ဂျူးနှင့် စသော၊ မတောင့်တင်းသည့် နိုင်ငံတို့ကို၊ သာ၍ထိ၏။ နေ့ရှင်စံနှုန်း၏ထိုအချက်များသည်၊ နယ်ချဲ့တို့ကိုသာ ထို့ဆောင်နေတော့၏၊ချဲ့ရေးနယ်ကုန်နေသောအခါ၊ ရှိပြီးနယ်များကို၊ တပေါက်လက်နှင့်တပေါက် လုဘို့ ထို့ဆော်တိုက်တွန်းလေ၏၊ ထိုစိတ်ကြောင့်၊ ကမ္ဘာတွင် နယ်ချဲ့ဂိုဏ်း နှစ်ဂိုဏ်း ပေါ်လာလေ၏၊တဂိုဏ်းနှင့်တဂိုဏ်း ပဋိပ သေင်အကောက်တော်သက်နှက်ဖြင့်ရင်း၊ ဥပဒေထောက်နှက်ဖြင့်ရင်း၊ငွေခြောင်း၊ငွေလွှဲလဲသက်နှက်ဖြင့်ရင်း။ တိုက်ခိုက်ကြလေ၏၊ထိုနောက်၊ စက်သေနတ် အမြောက် စသောလက်နက်တို့ဖြင့်တိုက် ကြရလေတော့၏။

# ( ၆ )

# ကိုလိုနီလုပွဲများ။

ထက်နောက်ခံနိုင်ငံ ကိုလိုနီများ ရှာဖွေသောခေတ်တွင်၊ အင်္ဂလိပ်နှင့်ပြင်သစ်တို့က ထက်ကြီးခဲ့ကြသည်။ အင်္ဂလန်သည်၊ သူ့ကိုယ်ပိုင်ကိုလိုနီများကို တိုက်ယူသည့်သဘောကား စပိန်၊ ဒတ်(ချ်)၊ ပေါ်တူဂီတို့ထံမှသည်။ ကိုလိုနီများကို အရယူသဘောလိုက်ခဲ့ပေ၏။ အမှန်အားဖြင့်ဓနရှင်နိုင်ငံကြီးတို့သည် ကိုလိုနီနိုင်ငံများကို အသုအယက်သိမ်းပိုက်ကြလေရာ၊ ၁၇၇၆ ခုမှ ၁၉၀၀ ထိအတွင်းတွင်၊ အာဖရိကတိုက်၏ ဆယ်ပုံတပုံကိုမှ ဆယ်ပုံ ၉ ပုံ ထိ ပိုမို ကျယ်ပြန့်လာခဲ့လေသည်။

(၁၈၇၀ မှ–၁၉၀၀ ခုအထိသိမ်းကြသောနယ်များ)၊

| ဓနရှင်ပြည်ကြီး။ | ကိုလိုနီအကျယ်အဝန်း။ | လူဦးရေ။ |
|---|---|---|
| အင်္ဂလန် | ၄,၇၅၄,၀၀၀စတုရန်းမိုင် | ၈၈,၀၀၀,၀၀၀ |
| ပြင်သစ် | ၃,၅၈၃,၅၈၀ | ၃၆,၅၅၃,၀၀၀ |
| ဂျာမနီ | ၁,၀၂၆,၂၂၀ | ၁၆,၆၈၇,၀၀၀ |

တခါထို ရောက်လေသော်၊ ကမ္ဘာမြေပြင် ကြီးသည်၊ နယ်ချဲ့နိုင်ငံကြီးများအတွက်၊ အလွန်ငယ်နေသော အားဖြ

အနေသို့ရောက်ကာခဲ့သော်၊ ကိုလိုနီကို၊ ဤကဲ့သို့ တွင် နောက်ထပ်ရှာ၍မရဖြစ်ခဲ့ပေ၏၊ ထိုအခါ၊ တောင့်တင်းနေသောနယ်ချဲ့နိုင်ငံကြီးတို့၏မှ၊ မတောင့်တင်းသော နိုင်ငံတို့က၊ သူပုန်ထောင်းဆိုကြလေ၏၊ အသင်း၊ လုယူ ကြလေ၏၊ ထိုသို့ဖြင့်၊ ပထမစစ်ကြီး ဖြစ်ရသော၏၊ စစ်ကြီးပေါ် ဖြစ်ရသော်လည်း၊ ဂျာမနီမှာ၊ ထိုသောနယ်များကို မရကဲ၊ ဗြိတိသျှတို့မှာသာ၊ နယ်ပိုမို၍ရခဲ့လေတော့၏၊ ၁၉၁၄ ခုနှစ်၊ ပထမကမ္ဘာစစ်ကြီးမဖြစ်မီတွင်၊ ဗြိတိသျှ တို့ သည်၊ ၁,၆၀၇,၁၅၃ မိုင်စတုရန်းရှိ၍၊ ၃၅,၀၀၀,၀၀၀ လူဦးရေနေ သောကိုလိုနီနိုင်ငံများကိုရထိုက်၏၊ ပြင်သစ် မှာကား၊၄၀၂,၃၉၂ မိုင်ကျယ်၍၊၄,၀၀၀,၀၀၀လူဦးရေရှိသော ကိုလိုနီတို့ကိုသာ ရလိုက် သတတ်၊ အဓိပ္ပါယ်မှာ၊ စစ်ကြီးကြောင့်၊ ရှုံးသူမှာ ပိုမိုထိခဲ့၍၊ ထက်မဲ့နေသူမှာ ရှိ၍မဲ့လေသော၏၊ ထို့သော်၊ ဂျာမနီကား၊ နေရှင်ပံ့နှင်းလွှမ်းလျှော်ရှိသော၊ နိုင်ငံဖြစ်၍သာဖြစ်နေသော၏၊ နေရှင် နိုင်ငံဖြစ်နေသဖြင့်၊ လက်အောက်ခံကိုလိုနီကိုရှာ၍၊ လိုချင်လိုနေပေ၏၊ ကိုလိုနီများကို ဖြန့်အတောင်းနှုံးသူတို့ကား၊ နာဇီဂိုဏ်းသားဟစ်တလာတို့ဖြစ်၏၊ သူတို့သည်၊ တော့ခါပိုက်ခါမှအောင်း၊ ချော့၍လည်းမတောင်း၊ ခြောင်း အထင်းတောင်း နေပေ၏၊

"ကျွန်ုပ်တို့ သည်၊ ဆင်းရဲသော လူမျိုး ဖြစ်သည်၊ကျွန်ုပ်တို့မှာ၊ ကိုလိုနီများလည်းမရှိ၊ ကုန်ကြမ်းများလည်းမရှိ၊ ကျွန်ုပ်တို့အား ကိုလိုနီများကိုပြန်

ပေးရမည်ဟု၊ တောင်းရသော အချိန်ကျတော့ မည်သူမှအားလုံးသော လူများကို အကြောင်းကြား လိုက်ရပါသည်၊ ကျွန်ုပ်တို့ တောင်းဆိုချက်များ ကိုမလိုက်လျောလျှင်၊ ငါးမျှားကြီးအတွက်၊ ဘေး အန္တရာယ်တွေများပေါ်နိုင်မည်"။

ဂျာမန်ဝါဒဖြန့်ရေးအမတ်ကြီး-ဒေါက်တာဂွက်ဘဲလ်။

၁၇-၁-၃၉။

ဟစ်တလာသည်၊ အကြိမ်ကြိမ် စင်မြင့်ပေါ်မှ တချိုး၊ တိုးတိုးတဖုံ၊ ကိုလိုနီများကို တောင်းခဲ့လေသည်၊ ကိုလို နီများပြန်ရမှုကိုမှန်းထား၍၊ အလုပ်စခန်းများကိုတွင်ခဲ့၏။

အမေရိက-အင်္ဂလိပ်-ပြင်သစ်ပြည်တို့၌၊ ဟစ်တလာ ကို၊ ကိုလိုနီများပြန်ပေးရန် လိုလားသူတို့အများအပြား ပေါ်လာခဲ့သည်၊ ကိုလိုနီကိုပြန်မပေးသည့်တိုင်အောင် တနည်းတလမ်းအားဖြင့်၊ ကိုလိုနီအရေးကို၊ ဖြေအေး အောင်၊ ပေးမည်ပြောဆိုသူတို့ကတော့အများပင်ဖြစ်၏။

"ဥရောပတိုက်တွင်၊ နောက်ထပ် အကြီးဆုံး သောပြဿနာမှာ၊ ကိုလိုနီပြဿနာဖြစ်လာပေမည်၊ ဒီဘာလီ အတင့်ရဲမှုများ၏ အဖြစ် အရင်း မှာ၊ ကိုလိုနီဖြစ်၍၊ ဂျာမနီ၏ တောင်းဆိုချက်များ တွင်၊ ကိုလိုနီသည်၊ ရှေ့ဆုံးကဖြစ်သည့်ပြင်သစ် ပြည်မှာဖြစ်စေ၊ ဆက်ထံမှာဖြစ်စေ၊ အချို့ စဉ်း စားဉာဏ် ရှိသူတို့က၊ အေးအေးနှင့်အဖြန့် ကိုလိုနီ ဝေခြမ်းထားမှုကို၊ ပြန်၍ ဝေခြမ်းပေးရမည်

မှာ၊ မတွဲမရှောင်သာဟု ယူဆလျက်ရှိကြသည်၊ အမြန်ဆုံး ထိုပြဿနာကို ပွင့်ပွင့်လင်းလင်းဖြေရှင်းလျှင်၊ ကောင်းလိမ့်မည်။ နှေးလျှင်ပြန်လည်ခဝခွဲရေးမှာ၊ ရှေးကြီးနေလိမ့်မည်”။

ပြင်သစ်သတင်းဥထောက်၊တိုင်းသတင်းစာ၊
၂၁-၈-၃၇။

(ထိုသတင်းစာကား၊ အီတလီမှ အစိုးရသတင်းစာကြီးဖြစ်၏။)
ထိုသော်၊ရ ထားပြီးသည့်ကိုပြန်ပေးရန်အလွန်ဝန်လေးနေလိမ့်မည်၊ ကိုလိုနီများကို၊ ပြန်မပေး လိုသူတို့ကလည်း၊ အများရှိလိမ့်မည်။ အဆိုမှာ၊ ပြန်ပေးလျှင်သည်၊ အစိုးရအပြစ်ဖြင့်တည်မြဲနိုင်မည်မဟုတ်ပေ၊

“ဘုရင် မင်းမြတ်၏ အစိုးရသည်၊ ဗြိတိသျှပိုင်ကိုလိုနီတနယ်နယ်ကိုသော်၎င်း။ နိုင်ငံပေါင်းချုပ်အသင်းကြီး၏အမိန့်အရ၊ အုပ်စိုး ထိန်းသိမ်းနေရသော၊ နယ်တနယ်နယ်ကိုသော်၎င်း၊ ပြန်၍အပ်ရန်မစဉ်းစားသေးပါ။ စဉ်းလည်းစဉ်းစားမနေပါ”။

ကိုလိုနီဝန်ကြီး၊မစ္စတာဘေတာမတ်–ပါလီမန်တွင်၊
၁၂-၂-၃၆။

ထိုမစ္စတာ တောဘမတ်စ်ကို၊ ၁၉၃၆ ခု ဧပြီလ ၂၁ ရက်နေ့က၊ အမတ်အချို့ကား၊ တန်ဂန်ယီကာပြည်ကို၊ရှား

နိုအသား၊ ပေးနိုင်-မပေးနိုင် ဖြေရှင်းပါဟု တောင်းဆိုထေရား၊ တန်ဂန်ယိကာတွင်၊ ဗြိတိသျှ အရင်း ရွှေ ဒင်္ဂါး ၈,၀၀၀,၀၀၀ မြှုပ်ထားပြီးဖြစ်နေသည်၊ လန်ဒန် မြို့၏ နောက်ထပ်ရွှေဒင်္ဂါး တသန်းလောက် ထပ်မြှုပ်ချင်သည်ဟုတောင်းရာ၊ ကျွန်ုပ်က မြှုပ်နိုင်ပါစေမည်ဟု ဂတိပြု ထားသည်ဟုဖြေရှင်းခဲ့သည်။

ထိုသို့ ကိုလိုနီများကို ပြန်ပေးရန် ငြင်းဆန်နေခိုက်၊ ဂျာမနီဓနရှင်ကြီးများသည်၊ ကုန်များကို များသည်ထက် များပြီး လုပ်ထုတ် နေကြလေသည်၊ ဂျာမနီ ကုန်ထွက် အားမှာ၊ ကြီးသည်ထက်ကြီးနေသည်၊ ကုန်ကြမ်းများကို၊ ပိုသည်ထက်လိုနေပေသည်။

ကုန်ကြမ်းများနှင့် ကိုလိုနီများအကြောင်းစကားစပ်တွင်၊ ဓနရှင်နိုင်ငံကြီးတို့တွင်၊ ကုန်လုပ်ရန်ဂိုမှဖြစ်သော၊ ကုန်ကြမ်း ၃၄ မျိုးပြထားသည်၊ ၃၄ မျိုးအနက်၊ အင်္ဂလန်သည်၊ ၉ မျိုးအတွက်ကို၊ သူပိုင်သော နယ်များမှ ဝယ်ယူရသည်၊ ဂျာမနီမှာ ၂၉ မျိုး၊ အီတလီမှာ ၁၉ မျိုးလိုသည်၊ အင်္ဂလန် ၉ မျိုးအနက်၊ အစားထိုးနိုင်သည်ကသာ များသေးသည်။

ဓနရှင်စံနစ်အရ၊ စီးပွားရေးစက်ကို မောင်းနေရလျှင်၊ နယ်မချဲ့ဘဲမဖြစ်နိုင်၊ နယ်ချဲ့ရမည်၊ ကိုလိုနီ ရှာရမည်။

ဟစ်တလာသည်၊ အသားနည်းစုအခေါ်ခံ အင်္ဂလန်ပြင်သစ်မှကိုလို နီကိုစစ်တိုက်ယူမယူနိုင်။ အင်္ဂလန်ကလည်း၊ ဂျာမနီ၏ ဘေးရှိ နိုင်ငံကလေးများကိုထိလျှင်၊ ကြည့်နေ နိုင်တော့ မည်။ ကိုလိုနီများကိုထိလျှင်ကား၊ ခံနေမည် မဟုတ်ချေ။ ထို့ကြောင့်၊ ဘေးဘီမှ အသားနည်းသောနိုင်ငံကလေးများ ကိုသိမ်း၍အားရသေးသည်။ ထိုသို့အဖိမ်ခံ နိုင်ငံများကို သိမ်းကြိုး၍အားဖြည့်ပြီးမှ၊ အင်္ဂလန်ပြင်သစ်ကိုထိုးကို၊ အသာပြန် ၍တိုက်ယူမည်အကြံရှိလေသည်။

---

## (၇)

## ဟစ်တလာ့ ကောင်းမှု။

"အမှန်မှာကား၊ ကျွန်ုပ်တို့သည်၊ ကျွန်ုပ်တို့ ထင်တိုင်းပေါက်ကြပါသည်၊ ကျွန်ုပ်တို့ရဲ့ဒိုင်း ဖြင်းလာခဲ့သော အရာဟူသမျှ၊ အချုပ်အားဖြင့်၊ ကျွန်ုပ်တို့ခံသည်ချည်းဖြစ်ပါသည်၊ ဂျာမနီ၏ရေ ကြောင်းစစ်တပ်ကို၊ ကျွန်ုပ်တို့ယူသိမ်း အပ်ပြီးပြီ၊ ဂျာမနီကုန်သည်ရောင်းဝယ်ရေး သင်္ဘော အသုံး ကိုသည်း အပ်ပြီးပြီ၊ ဂျာမနီ၏ ကိုလိုနီ များကို လည်း၊ အပ်ပြီးပြီ ကျွန်ုပ် တို့၏ ထမ်းဘွယ် အ ကောင်းဆုံးသော၊ ကုန်သည်ရောင်းဝယ်ရေး ပြိုင် ဘက်တဦးသည်၊ ရှင်ကြီးမြွေတစ်ကိုယ်၌ လဲချေပြီ၊ ကျွန်ုပ်တို့၏မဟာမိတ်များသည်၊အကြီးဆုံးသော မြီရှင်များဖြစ်ကြရတော့မည်။ ဤကား၊ နည်းသော အောင်မြင်ခြင်းမဟုတ်ပေ"။

ဤသို့ချောင်း၊ ပဌမစစ်ကြီးပြီးသောအခါ၊ နန်ရင်းဝန် ကြီးဟောင်း လွိုက်ဂျော့က ပြောခဲ့သည်။

(Quoted by Lord Riddells in "Intimate Diary Of the Peace Conference and After 1918 1923")

ဗြိတိသျှခေါင်းဆောင်သော မဟာမိတ်နိုင်ငံကြီးများသည်၊ ဗါဆိုင်းစာချုပ်အရ၊ အပြစ်များစွာ ရကြသော်လည်း၊ ဂျာမနီမှာကား၊ ဆင်းရဲ သည့်အပြင် ဆင်းရဲရသေသည်။ မဟာမိတ်များကား၊ ကြီးလေးသောစစ်လျော်ကြေးငွေများကို၊ ဂျာမနီထံမှ တောင်းဆိုလေသည်။ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီး၏ခန့်မှန်းချက်အရ၊ ဂျာမနီကအားလုံးပေါင်း လျော်ကြေး ရွှေဒင်္ဂါး သန်းပေါင်း ၂၀,၀၀၀ ပေးရမည်ဟုဆိုလေ သည်။ ပြင်သစ်တို့ က၊ ဤမျှ ကြီးလေးသော လျော်ကြေးငွေကို၊ ဂျာမနီထံမှ ရမည်ဟူသော ထင်ချက်ဖြင့်တောင်းဆိုသည်မဟုတ်။ ဤလျော်ကြေး ငွေကို မပေးလျှင်၊ဂျာမနီနယ်ကိုသိမ်းယူမည်ဟူသောအားဆင်းချက်ဖြင့် တောင်းဆိုချက်ဖြစ်ပေသည်။ ပြင်သစ်တို့သည် ကျောက်မီးသွေး များစွာထွက်သော၊ ရုဟ်နယ်( Ruhr ) ကိုလိုချင်သည်။ ရိုင်းမြစ်ဝှမ်းကိုလည်း၊ အမြဲတမ်းသိမ်းပိုက်၍၊ ထားလိုသည်။ နောင်အခါမကြာမီ၊ ဤဆင်ခြေဖြင့်ပင်၊ ရုဟ်နယ်ကိုသိမ်းပိုက်လိုက်လေသည်။ (၁၉၂၃-ဇန်နဝါရီလ)။

ပထမစစ်ပွဲကြီး ပြီးသောအခါ၊ ဂျာမနီမှာ၊ အင်ပါယာကြီးကိုလည်း၊ သူတပါးထက်သို့အပ်ရသည်။ နိုင်ငံခြားတွင်၊ အရင်းမြှုပ်ထားသောငွေများကိုလည်း အသိမ်းခံရလေသည်။ တရုပ်ပြည်ဝေ သား ဈေးနေရာများမှ မောင်းထုတ်ခံရသည်။ သူတို့ကုန်သင်္ဘောများကိုလည်း၊ တိုင်းတပါးတို့အားအပ်ရသေး၏။ သူတို့၏ သံ-ကျောက်မီးသွေး

ထွက်သောနယ်တို့ ဖြစ်သည်။ ပြင်သစ်သို့ အဓိကပို့ရသည်။ နှစ်ဦးနှစ်ဘက်အကျိုးရှိစေသော၊ ကူးသန်းရောင်းဝယ်ရေး စာချုပ်များ ဖြစ်သည်။ ဘယ်ကိုင်းဖြင့် နှင့်ချုပ်ဆိုနိုင်သောအခြေသို့မရောက်ဘဲရှိသေးသည်။

ဂျာမနီသည်၊ စစ်ပြီးပြီးချင်းစာချုပ်အရ၊ မဝင်မနေရ စစ်တပ်များ မထားနိုင်၊ သူတပါးအား၊ ရန်မူရန်ထက် နက် တပ်တည်ဆောက်ထားရေး၊ သူ့နယ်နိမိတ်များတွင် ခံတပ်များမဆောက်ရ၊ ဘေးဘီမှ ပြည်ကြီးများအတွင်း၊ စစ်တပ်ကြီးများ ရှိနေသော်လည်း၊ ဂျာမနီ သည်၊ လေယာဉ်မှုကို ခုခံ ပစ်ခတ်သော လက်နက်များ မရှိရပေ၊ သဘောမနစ်သော တသိန်း ကိုသာ ထားရသည်။ ထိုစစ်မှာ ထည်း စစ်ဦးစီးဌာနအခြေခံထောက်သဘောရှိ၍ အခက်၊ (၂) နှစ်ခွဲဆိုသော ပညာရှင်နှစ်မျိုးတွင် ပြည်တွင်းရှိလူအဘိန်းစားအချင်းချင်းပညာရှင်၏ တည်ဘောင်ရေး အတွက်သာ၊ ရည်ရွယ်၍ထား နိုင်ခြင်း ဖြစ်လေသည်။ ဤသို့သော ဗါဆိုင်းစာချုပ်၏ ချုပ်ချယ်ချက်များကို၊ အင်္ဂလန်ပြင်သစ် အမေရိကပြည်ရှိ၊ စေတနာရှိသော ခေါင်းဆောင်များအပ ပင် ဝေဖန်ချက် ရှိကြသည်။ ဓနရှင်ကြီး တို့၏ ဟာစ်တိုင် ဖြစ်သော၊ တိုင်းသတင်းစာ၏၊ ၁၉၃၅ ခုနှစ် အတွင်း ခေါင်းကြီးများကို ပြန်၍ ကြည့်လျှင်၊ ဗါဆိုင်း စာချုပ် သည်၊ ဂျာမနီက မတရား ပြုထားသဖြင့်၊ ပြန်ပြင် ထိုက် ကြောင်း၊ ရှေ့နေလိုက်ထားသည်ကို၊ အများအပြားတွေ့

ရင်းလိမ့်မည်၊ (ရှည်မည်ငိုးသဖြင့်၊ သူတို့ ရေးပုံပြောပုံ ကို အကဲရယ်၊ ထည့်လိုက် ပြီ)။

ဂျာမန် နေ့ရှင်တို့သည်။ ထိုသို့အမျိုးမျိုး အကြံပိ အတည်းနှင့်၊ တွေ့ရ သေခ်ာသည်။ သူတို့ စီးပွါးရေး စံနစ်ကြီးပျက်မသွားအောင်၊ အမျိုးမျိုး ချုံ့ကြသည့် ကုန် လုပ်အားကို မလျှော့တမ်း သုံးကြသည့် သူတို့၏ကုန် လုပ်စွမ်းရည်မှာလည်း လျော့သည်မရှိ၊ တိုးတက်လျက် ရှိ၏။

နေ့ရှင်စံနစ်သည်၊ တချိန်တည်း တွင်၊ အပြည့်ဖြည့်၍၊ ပြိုင်ဘက်တို့ထက်သည်မဟုတ်၊ တိုင်းပြည်၏ တည်းနေရာ ရာသီဥတုစသော ယထာဘူအခြေအနေကိုလိုက်၍ တိုးတက် လေသည်။ အင်္ဂလန်ပြည်၏ ဘွန်း ရား ခေးဖြစ်မှုသည်၊ သူ များထက်စော၍၊ ရေကြောင်းတွင်၊ ထိပ်တန်း ရောက် အောင်ဖန်တည်းပေး၏။ ကျောက်မီး သွေးသံစသည်တို့ကို လွယ်ကူစွာ တူးမှုသည်၊ စက်မှုလုပ်ငန်းများကို၊ အ ခြေခံပေး ၏။ နေရာကကျဉ်း၍လူကများမှုသည်၊ နေရေးထိုင်ရေးတွင် အသက်မွေးဝမ်းကြောင်းမှုအာ သစ်ရှာမှု ငါ လက်မှု-စက်မှု အသင်တည်ထောင်မှုကို၊ လမ်းစခပါခေး၏။ ထို့ကြောင့်၊ အင်္ဂလန်တွင်၊ စက်မှုလုပ်ငန်းသည် အခြားတကာ သတ်ထက် စော၏။ (ဂျပန်တွင်ကျောက်မီးသွေးစသည်တို့မထွက်သ ဖြင့်ဦး ရွာမကြီးသွား လုံက်သည်နှင့် ဟုဉ်ကြည့်နိုင်သည်) ရေကြောင်းတွင်ထိပ်တန်းက ဦးစွာရောက်နေသဖြင့် ရေ ခြားနိုင်ငံများကို လက်အောက်ခံနိုင်ငံအဖြစ်သို့ အ

မြောက်အာမြား ညွတ်ညွှင်း နိုင်ခဲ့သေးသည်။ ဂျာမနီကား
ပထဝီအခြေအနေတို့ထံမှမျက်နှာသာမရပေ။ ထို့ကြောင့်၊
စက်မှုလုပ်ငန်းတွင်၊ နောက်ကျနေသည်၊ ထို့ပြင်၊ အ
ခြားသော၊ ပထဝီအခြေအနေတို့ကြောင့်၊ ဂျာမန်လူမျိုး
တို့သည်၊ ဖွံ့ကောင်း၏၊ သို့လကောင်း၏၊ ဥာဏ်ကောင်း
၏။ ထို့ကြောင့်၊ အင်္ဂလန်တို့နောက်မှ စက်မှုလုပ်ငန်းသို့
ဝင်ရသော်လည်း၊ ဂျာမနီသည်၊ အင်္ဂလန်ကို မကြာမီ မှီ
လာလေ၏၊ ထို့ပြင်၊ ကုန်လုပ် ကြိယာတွင်ရော၊ ဖန်တည်း
ရာ၌ကား၊ ဂျာမနီ အပြိုင်ရှိ၊ ကျွမ်းကျင်နေသေတော့၏၊
ကမ္ဘာတွင်အကောင်းဆုံးသော၊ စက်မှုပညာသည် ဂျာမနီ
တွင်ပေါ်လာလေ၏။ စံနစ်အကျဆုံးသော ဓနရှင်စည်းပွား
ရေးလုပ်ငန်းသည်၊ ဂျာမနီတွင်ပေါ်လာလေ၏၊ ဓနရှင်စံ
နစ်၏သဘောဉာဉ်မှာ၊ နယ်ချဲ့ရန်ဉာဏ်ဖြစ်သလော၊ ဂျာမနီ
သည်၊ နယ်ချဲ့ရန်နှိုးကြွားလာလေ၏။ သူသည်နောက်ကျ
နေ၏၊ အင်္ဂလိပ်ပြင်သစ်တို့က၊ နယ်ချဲ့ရာတွင်၊ ဦးနေနှင့်ပေ
၏။

ဥပမာ၊သံမဏိထွက်ကုန်ဘက်တွင်ယှဉ်ကြည့်ကြရို့၊
၁၉၂၅ခု-နှစ်တွင်၊ ဂျာမနီသံမဏိထွက်ကုန်သည်၊ဗြိတိ
သျှထွက်ကုန်၏၊ နှစ်ဆဖြစ်နေ၏။ ၁၉၂၇ခုနှစ်တွင် ဂျာ
မနီသည် စစ်ကြီးမဖြစ်မီက ၁၁၀တိုး လုပ်ခဲ့ချေင် ယခု
၁၁၇သိုးလုပ်နေ၏၊ဗြိတိသျှမှာ ၉၂သိုးသာ လုပ်နေရ၏၊
ကမ္ဘာလုံးထွက်ကုန်များကိုယှဉ်ကြည့်ချေင် ကောင်းစွာ
သိနိုင်၏၊ကမ္ဘာလုံးထွက်ကုန်၁၀၀ချေင်

| ခုနှစ် | ပြည် | | ကုန်အထွက် |
|---|---|---|---|
| ၁၉၁၃ | ဗြိတိသျှ | ၁၄ | စစ်မဖြစ်မီ |
| ။ | ဂျာမနီ | ၁၂.၃၄ | |
| ။ | အမေရိကန် | ၁၂.၅၇ | |
| ၁၉၂၄ | ဗြိတိသျှ | ၁၂.၉၄ | စစ်ဖြစ်ပြီး ဘဆိုင်း ကြောင့် |
| ။ | ဂျာမနီ | ၅.၇၅ | |
| ။ | အမေရိကန် | ၁၆.၅၄ | |
| ၁၉၂၉ | ဗြိတိသျှ | ၁၀.၈၆ | |
| ။ | ဂျာမနီ | ၉.၈၂ | |
| ။ | အမေရိကန် | ၁၅.၇၇ | |
| ၁၉၃၄ | ဗြိတိသျှ | ၁၀. ၁ | |
| ။ | ဂျာမနီ | ၁၁. ၄ | |

အထက်ပါဇယားကိုကြည့်လျှင်ဂျာမနီသည် ကုန်ထွက်ခြင်း၌ အင်္ဂလိပ်ကို စစ်မဖြစ်ခင်က ပွတ်ကာသီကာအနည်းငယ်၏ ဗာဆိုင်းစာချုပ်အရ ခဏမျှ ဂျာမနီ စီးပွားရေး ဆိုနိမ့်နိုင်ခဲ့သော်လည်းနောက်နှစ်များတွင် အမြန်လိုက်ပြန်လေရာ အင်္ဂလန်နှင့်တန်းတူဖြစ်လာသည်ကို တွေ့ရပေသည်။ ၁၉၃၀ နှစ်တွင်ရာဇဝင်တွင်ပထမဆုံးအကြိမ် ဂျာမနီက အင်္ဂလန်ထက် နိုင်ငံခြားသို့ ကုန်ပို့ပြီးသွားခဲ့သည်။ ထိုနှစ်တွင်ဂျာမနီကဈေးဒေါ်လာသန်းပေါင်း ၉၀ ဘိုးပို့၍အင်္ဂလန်က သန်းပေါင်း ၅၇ ၁ သားပို့နိုင်ခဲ့သည်။ နောက်နှစ်များတွင်သည်။ ဤသို့ပင်ဆက်၍သွားခဲ့သည်။

၁၉၂၉ ခုနှစ်သို့ရောက်သောအခါ ဂျာမနီ၏ နိုင်ငံခြားတွင်ဆပ်ရန်ရှိသော ကြွေးငွေမှာ ရွှေဒင်္ဂါးသန်းပေါင်း ၁၃၅၀ ဖြစ်သည်။ (စစ်ကြွေးများမပါသေး) ထိုကြွေးများကိုဆပ်ရန် မဆိုထားဘိ၊ အတိုးပေးရန်ပင် အတော်ကြပ်နေမိမည်။ ထိုအထည်တွင် ဂျာမနီ၏ ဝင်ကုန်မှာ၊ ထွက်ကုန်ထက်များနေသေးသည်။ ၁၉၂၅-ခုမှ ၁၉၂၉-ခု ကြားလေးနှစ်အတွင်း၊ ဂျာမနီဝင်ကုန်သည် ထွက်ကုန်ထက် ရွှေဒင်္ဂါးသန်းပေါင်း ၃၉၀ တိုးများနေသေးသည်။

ဤသို့ဝင်ကုန်က-ထွက်ကုန်ထက်များမှုကို ထွက်ကုန်က ဝင်ကုန်ထက်များမှုဖြစ်အောင် ပြောင်းလဲရန်၎င်း၊ ဂျာမနီ၏တိုးတက်လျက်ရှိသော ကုန်အထွက်နှင့် ကိုက်ညီစေရန်၎င်း၊ ကြီးမားသောကြွေးနှင့်အတိုးများကို ပေးဆပ်ရန်၎င်း၊ ဂျာမန်ကုန်များသည် တကမ္ဘာလုံးတွင်-တွင်ကျယ်ကျယ်နေဘို့လိုသေးသည်။ ကမ္ဘာ့ဈေးဟူသမျှ ဂျာမန် ကုန်တွင်းနိုးနေဘို့ လိုသေးသည် ထိုရည်ရွယ်ချက်ဖြင့် ဂျာမန် ခေါင်းဆောင်တို့သည်အမျိုးမျိုးကြံစည်ကြ၏။ ထိုသို့ သူ့တွင် ကိုယ်ပိုင်နယ်များမရှိ၊ အခြားနယ်ချဲ့အစိုးရတို့ ကလည်း၊ ဂျာမန်ကုန်များကို အကောက်တော်အခွန်တော်ကျူးသန်းရေး စချုပ်စသည်တို့ဖြင့် ကာရံထားလေသည်၊

၁၉၂၉-၃၃-ခု နှစ်တွင် ကမ္ဘာ တခုလုံး စီးပွားရေးချောက်တွင်းကျသွား သောအခါဂျာမနီသည် အနာဆုံး ဖြစ်သေသည်၊ ဂျာမန်ခေါင်းဆောင်တို့သည် လွန်စွာ အကြပ်အတည်းနှင့်တွေ့သောအခါစိတ်တိုထကြွလေ၏။ ရမ်းချင်-ကြမ်းချင်

ဖြစ်ထေးကြသေး၏။ အတွေ့အကြုံ နည်းသေးကြသော၊ ရမ်းချင်ရမ်း မရမ်းချင်ဂျာမန် နေရှင်ဝံနစ် သောတို့သာမို ပေတော့၏။ ထိုအခါ ဟစ်တလာ အမျိုးရှိသော နာဇီတို့၏ ပြ သည်။ ဂျာမန်နေရှင်တို့၏ ဦးစီးထေးချေဖြစ်သလာသည်

> “အမြဲ စစ်တိုက် နေမှသာ လူ့အကျိုးသည်ကြီး ကျယ်လာခဲ့သည်။ အမြဲငြိမ်းချမ်းသော် လူ့အကျိုးသည် ပျက်စီးရသည်”။
>
> Hitler's My Struggle
>
> စာမျက်နှာ-၁၄၆

ဟစ်တလာသည် နိုင်ငံရေးအာဏာကို မရခင်ကပင် ထိုသို့ ကြွေးကြော်ထားခဲ့သည်။ ဂျာမန် နေရှင်တို့သည် ထို အကြောင်းအတည်းမျိုးမှာမှ ရန်မလိုချင်၊ စစ်မက် မလိုသား လျှင် ဘယ်အခါမျှ ပူစဉ့်ဖြည်မဟုတ်ပေ။

> “ဘုန်းတော်ရှင် ထာဝရကို တသသောင်း ဆိုကြဖြစ်ထည်။ ဂျာမနီသည် ဆုံးရှုံးခဲ့သော နယ် ပယ်များကိုပြန်၍ရလိမ့်မည်မဟုတ်ကြောင်း နိုင်ငံ ပေါင်းချုပ်အသင်းကြီးထံမှ မျှော်သင့်ကာစွဖြစ် ထည်။ ရလိမ့်မည် မဟုတ်ကြောင်းထက်နက်စွာ ဖြတ်ဆဲ့မှ ရနိုင်လိမ့်မည် ဖြစ်ကြောင်းများကိုရှင်း ရှင်းကြီးနားထည်ဘို့လိုထေးသည်။”
>
> စာမျက်နှာ ၇၀၀။

“ရှေ့ရေးအတွက် ကာန့်အွတ်သီးသော်နှံ့ဖြင့်သည်။ နိုင်ငံတော်ကြီး၏ရင်ခွင်အတွင်းသို့သုံးရှုံ့ထားသော နည်းများ ဖြန့်ထားမည်ဟုတင်ပြခဲ့သော သွေး ထားသော ဝါးအတူအညီဖြင့်သာ ဖြန့်ထားနိုင် မည်ဟုပါ။ ကို သွေးချန်သည် ပြည်တွင်းရေးအ လုပ်ဖြစ်သည်။ ဤသို့သွေးထားသောဝါ ကိုလုံခြုံ စွာ အသုံးပြုနိုင်ရန်နှင့်၊ ကိုယ်ပိုင် ထက်နက်ဖြင့် ကြံ နိုင်သောမဟာမိတ်များကို ရှာရန်သည်။ ဤ ပြည်၏နိုင်ငံခြားလုပ်ငန်းဖြစ်လိမ့်မည်။” ဟော်ဟ လေ၏ ၊ ကျွန်ုပ်၏ဂွန့်စာခြင်းစာရင် စာချုပ်မှ

၆၁၉၄၅။

ဟော်ဟာလေသည်၊ ဤဆိုရှယ် ရင်းအိုဝါး ကို ကြွေးကြော်ပြီးနောက်၌ဝါဒနှင့်တူသည်မဟုတ်ပါး ဝိုက်လှုပ်ခဲ့သည်။ “ဝါးသွေးချန်သည် ပြည်တွင်းရေး အလုပ်ဖြစ်သည်”ဟူသော စကားအတိုင်းပင် ပြည်တွင်းလုပ်ငန်းဟူသမျှသည်၊ ဗျူ မန်ခနန်ရှင်တို့၏ ကျွန်များအထွက်၊ ဈေးရှာရေးနှင့်ကိုလိုနီရှာရေးတို့တွင်၊ အခြေခံရင်း ရှိပေ၏၊ တနည်းအားဖြင့်ဈေးရှာရေး ကိုလိုနီရှာရေးတို့ကြောင့် စစ်တိုက်ရမည်ဖြစ်သရော၊ စစ်တိုက်ခြင်းကို အရင်းခံထားမှု လုပ်ငန်းများ ဖိစဉ်၏ပညာရေး အင် စစ်သွေးကြွသောစကိုသည့်ပေး၏စစ်အတွင်း၌ တိုင်းပြည်ဘပြည်တွင်း၊ တာသီဘည်း ငါးဖိတ်ဘည်းဖြစ်အိုလိုဝေးရေး၊ ဟော်ဟာလေတို့

သည်။ စစ်မဖြစ်မီကာလ၌ စိတ်ဓာတ်ကျ ငိုကြွေးပူဆွေးတိုက်များ၊ သတင်းစာများကို အမိုးရကာ ရပ်စီးပြီး၊ ဝမ်းရေးပင်ဟု သရွေ့သဗ္ဗဝါဒကို ထောက်ခံသော တောရိုင်းဖြစ်သော ရေချမ်းလူတို့သည် တမိတ်တည်းဖြစ်နေသော၊ တသင်းတည်း၊ တပါတီ တည်းသော ဖွဲ့စည်းပြီးနောက် ပါတီမှတဲ့၍ အားလုံးသော အသင်းအဖွဲ့များကို ဖျက်ပစ်ပြီး ဘုံကြီးခံပါတီကို မတရားဟု ကြေညာလိုက်သည် တရုံးတော်ဆိုသည် ၊ ထယ်သမား အစည်းအရုံးများကို တည်ထောင်ခွင့်ခံဖြ၊ လွတ်လပ်စွာ ရေးသားမှု၊ လွတ်လပ်စွာပြောမှုတို့ကို ပိတ်ပင်ထား၏။ ထို့ပြင်၊ တစ်မိန်းနိုင်ငံများသို့ ခြားနယ်၌ သမားတို့နှင့် ဟျှင်ပြိုင်၍ သူတို့လုနိုက်ကို ရှောင်းရမည်ဖြစ်ရာ၊ ဂျာမန်စနစ်တို့သည် ထိုကုန်များ ဈေးပေါအောင်၊ အလုပ်သမားများအခကို လျှော့ချခွင့်ချက်ကိုဖျက်ပြီး၊ အသုပ်ချိန်မိုင်းထောင်၏။ ကန့်ကွက်သော အလုပ်သမားနှင့် ခေါင်းဆောင်များကို ရက်ရက်စက်စက် နှိပ်ကွပ်ထား၏။ ပိတ်ဘိုနေသော နေရာင်တို့မှာ ဘာမျှ မ ပြန်မဆောင် နိုင်တော့ပြီ၊ အကျဉ်းခန်းမှာ ဘဲ့သို့ မိမိတာခရပ်၊ လွတ်လပ်ခွင့်များ ဆိုသော စကားများကို၊ ဂျာမန်နာဇီတို့သည်၊ ပယ်ဖျက်ရည်သုံးမှုမှ သုံးတော့ပေ။

ရွေးထားသောဝါကို ပြင်ပထွင်အသုံးချရန်ဟုသော ဝါဒအရနာဇီတို့သည်၊ နိုင်ငံခြားရေးတွင်၊ ဝါးဘာဝင်ဝင် နှင့် ကြိမ်းမောင်းနေကြသော ဘိုလ်ရှီဗီကျွေကို ဒေးရ

မည်။ ဘေးထိသူကို တိုက်လိုက်မည့် စေ့စည်ဖြင့် ဟာစ်ဘေဒ် ဖျက်၍ ကြားလေသည်။ စစ်စကားချည်းသာ ပြောနေတော့၏။ ထက်နက်ကိုလည်း အဆမတန်ပြင်ဖျက်၍ရော၊ ဘယ်မှ မဆုတ်နိုင်၍ ထက်နက် ပြင်နေသည်ဟုပင်၊ နိုင်ငံခြားတို့ ထုတ်ဖော်မပြောတော့ပေ၊ စစ်ဖြစ်မည်ကဲကဲ လုပ်နေသဖြင့်၊ ဂျပန်တို့သည်၊ သူတို့ပို့သော အရပ်၊ ချောင်းသင်သောအလုပ်များကို များစွာလုပ်ဆောင်၏။ စစ်တိုက်ပြီး သက်အောင်ခံ နိုင်ငံများကို လုယူနိုင်ရန် (၁)ဥရောပတိုက်ရှိ ပြည်ကြီးအချင်းချင်း မတည့်အောင် တိုက်ပေးခြင်း။ (၂)အခြားနိုင်ငံတို့ရှိ နာဇီကို မကြိုက်သောခေါင်းဆောင်များကို သတ်ရန်၊ လူသတ်အဖွဲ့များ ထားခြင်း၊ နာဇီဝါဒကို ဆောင်ပြသပေးရန်၊ နာဇီလျှို့ဝှက်ဆင်သော နာဇီအဖွဲ့များကို နိုင်ငံခြားတို့၌ တည်ထောင်ခြင်း။ (၃)ထက်နက်တောင့်ချောင်တောင့်ခြင်း၊ ထတိုက်နိုင်ရန်၊ စစ်အတွက် ကြိုတင်ပြင်ထားခြင်း တည်းဟူသော အလုပ်သုံးလုပ်ကိုလုပ်ခဲ့လေသည်။

ဤရည်ရွယ်ချက် များကြောင့်ပင်၊ ဟစ်တလာသည် ဒီမိုကရေစီများကို အပြင်းအထန် ရုတ်ချခြင်း၊ နိုင်ငံပေါင်းချုပ်အသင်းကြီးကို ရှုံ့ချခြင်း။ (ဂျပန်နိုင်ငံမှ ဖြစ်သင်္ကာ ၁၉၃၃-ခုနှစ်တွင်၊ ရှားနယ်ကို လုယူသောအခါ၊ နိုင်ငံပေါင်းချုပ် အသင်းကြီးက လက်ပိုက်၍ ကြည့်နေခဲ

သည်)နေ့ချင်းနိုင်ငံကြီးအချင်းချင်း၊ရဲပေါင်းပြီး တစ်ပုံဘာသာ ဆောင်ရွက်မည်ဆိုလျှင်၊ ကန့်ကွက်ခြင်းများကို ဖြိုဖုံ ပေလသည်။

၁၉၃၄-ခုနှစ်တွင်း၊ဗာဆိုင်း၊စာချုပ်ကို ကျူးကျော်ပြီး ဂျာမနီသည် လက်နက်ရှေးဆောင်းခြင်းကို စလေသည် ၁၉၃၅-ခုနှစ်တွင်၊စစ်တွင်း မဝင်မနေရ ဥပဒေတရပ်ကို ပြန်ခဲ့သည်၊

## (၁)

# လက်နက်စွဲကြပြီ၊

ဓနရှင်စံနစ်သည် လက်နက်ပွဲချွင်း၊ အသက်မဲ့မှိုင် ကြောင်း။ အကြိမ်ကြိမ်ကြားနာပြီးခဲ့ပြီ၊ လက်နက်ရှိသူကို မှရှိသေကြသည်၊ လက်နက်ထောင့်ဘင်းသူ၏ စကားသည်သာ အောင်ရသည်သာ များ၏ သည်၊ ငြိမ်းချမ်းသောယော နေ သောအချိန်၌ နိုင်ငံကြီး ငါးကြီးအချင်းချင်း၊ သိမ်းပယ် အချင်းချင်း စေ့စပ်ဆွေးနွေးခြင်းများကို သင်ကြားဘူး ပေမည်၊ ထိုသို့ စေ့စပ်သောအခါ၊ တဘက်နှင့် တ ဘက်စကားမှန်သည် ဟုတ်သည်ထက်၊ အကြောင်း ကောင်းသည်မကောင်းသည်ထက်၊ သူ့ဘက်မှလက်နက် များသည်၊ ငါ့ဘက်မှ လက်နက်နည်းသည်စသော တွက် ချက်မှုများကသာ အရေးပါလေသည်။

ဓနရှင်နိုင်ငံကြီးများ၌ သူလျှိုများထားခြင်း ( Military atta ches ) စစ်ဘက်ဆိုင်ရာ အဝတ်သည်များကို ဖြိ တို့ သံရုံးများ၌ ထားခြင်းစသည်တို့ဖြင့်၊ အချင်းချင်း၏ လက်နက်အင်အားကို သိနေကြလေသည်၊ အခြားနိုင်ငံ များ၏ လက်နက်အင်အားများကို ဂဏန်းဖြင့် တွက်ထား သောစာရင်းများ၊ စစ်သည်ဗိုလ်တပ်ဖွဲ့များ၊ ဘယ်အချိန်

အတွင်းတွင်းစစ်သားအားလုံးကို ရလိုက်နိုင်ပုံများ၊ လေ
ယာဉ်ပျံ-ခဲယမ်း လက်နက်များ ရှိနိုင်သော စွမ်းအား
စစ်တွင်းအစရေတရနိုင်သောအပေါက်အလမ်းများကို၊
အားလုံးသိထားရသေသည်၊ ကျွမ်းလှုန်သူ ရေကြောင်း
စစ်ဗိုလ်ကြီးဖစ်ရှားသည်။ သူ့စေဘက်ခန်းတွင်၊ မြေပုံ
ကြီးတပုံကိုချိတ်ထား၍၊ လွှန်ရှာပြိမ်းချမ်းသောယာပါသည်
ဟုဆိုရသော အချိန်တွင်ပင်၊ ဂျာမန်သင်္ဘောတို့၏ ရွှင်
ရှားသွားလာနေပုံ ပုံမှတ်သား ရှိသည်။ စစ်ဖြစ် သည်နှင့်
တပြိုင်နက်၊ သင်္ဘောတိုင်းနှစ်စင်းကိုသူ ဘမ်းနိုင်မည်ကို
သိပေ၏၊ ကိုယ့်လက်နက် အင်အားတောင့်လျှင်၊ စေ
စပ်နေ၍၊ တထားထန်ထန်ပြော၏၊ အပေါက်ဆိုးမှတ်၏၊
လက်နက်အားမတောင့်လျှင်၊ လေချိုသွေး၍ အရေးဆို၏၊
ထိုသို့လျှင်၊ အရေးဆို၍ အခွင့် သာသောရေန်၊ လက်နက်
ဖြင့်ထားတို့-စစ်ဆောင်နေတို့မှာ၊ ချိန်ဘာလိန်၏တွေ့နှင့်ပင်
တတောတွဲ၍၊ ပေါ်ရွှဲနိုင်ကဲ့တွင်၊ (Ball Dance)ကနေ
သောအချိန်ဖြစ်စေကာမူ၊ အရေးကြီးပေသည်၊

ကမ္ဘာတွင်၊ ကုန်ထွက်အားသည်-ကုန်သုံး အားထက်
များနေကြောင်းကြောင့်ကြီမ်ရှိခဲ့သေပြီ၊ ဝန့်ရှင် စုံနှစ်ရှိ
နေသေးမျှ၊ ကုန်ထွက်အားသည်လည်း တိုးနေသည်၊ ကုန်
လှောင်ကပ်ဗိုယ်များကို၊ ချစားသွားသည့်တိုင် ပစ်ထားရန်
လည်း ခဲသည်းဖြစ်ပေသည်၊ ထို့ကြောင့်၊ ကုန်ထွက် အား
သည်၊ စားကျက်ရှာ၍၊ ရနေသောငွေဘိုကာလည်း၊ မြို့ပ်

နှ ရေးနေရာရှားအောင် စားကျက်ရှာ၍၊ အလုပ်အကိုင် မဲ့ နေသောအလုပ်သမားတို့ကသည်း-စားကျက်ရှာ၍၊ ထို စားကျက်ရှာကြသော်လည်း၊ နေရာကား-မှာ၍ မဝေသောက် ဖြစ်နေတော့သည်၊ ကမ္ဘာကြီးသည် ဓနရှင် စံနစ်အာ တွက် ကျဉ်းမြောင်းနေလွန်းပြီ၊ လက်အောက်ခံ နိုင်ငံ သားတို့နှင့်၊ ဆင်းရဲသားလူတရကြီးများမှာသည်၊ တနေ့ တခြားပိုမိုမွဲသွားကြပေရော၊ ကုန်ဝယ်အား နည်းသည် ထက်နည်းလာလေ၏၊ ထိုအခါ၊ ဓနရှင်တို့သည်၊ ကုန် လုပ် အားနှင့်ငွေပိုများကို၊ ထက်နက် ရောင်းရာ၌ အသုံးချ ရန်၊ စတင်ဆောင်ရွက်ကြလေတော့၏၊ ထက်နက်ပြင်မှု သည်ပင်၊ ဓနရှင်စံနစ်၏ နိဂုံးချုပ်-သဲချောင်းရာ ဖြစ်သော် ပေ၏၊ ဓနရှင်စံနစ်သည်၊ လူ့လောကကြီးအတွက်အကျိုး ဖြစ်ထွန်းစေမည့်အလုပ်များကိုလုပ်နေခြင်းထွင်ရပ်လျက် လူ့လောကကြီးကို၊ ဖျက်ဆီးမည့် အလုပ်များကို လုပ်ရ လေတော့သည်၊

"လွန်ခဲ့သော ၃ နှစ်အတွင်းကာ၊ ထက်နက်လုပ် ကိုင်ရေးသည် ဂျပန်ပြည်တွင်၊ ချည်ထည်လုပ် ငန်းပြီးလျှင်-အကြီးဆုံးဖြစ်လာလေသည်၊ ....စစ် အတွက် အကြီးအကျယ်မပြင်ဆင်သောအခါရှိ သည်၊ ဂျပန်ပြည်ကို၊ စီးပွားရေးချောက်ထွင်း သို့၊ လွန်ချသလိုနေလိမ့်မည်၊

တိုင်းသတင်း၊စာ-၅-၃-၃၅၊

၁၉၃၅-၃၆ခုနှစ်တွင်ဂျာမန်အစိုးရ၏ရံပုံငွေ၌၊ ၄၆ရာ-ခိုင်နှုန်းကိုစစ်လက်နက်ပြင်ဆင်ရေးတွင်သုံးသည်၊ ၁၉၃၆-၃၇ ခုတွင်၊ ၅၈- ရာခိုင်နှုန်းကို သုံးသည်၊ ၁၉၃၃ခုမှ-၁၉၃၅ ခုနှစ်အတွင်း၊ စစ်အတွက်ဂျာမနီသည် ရွှေဒင်္ဂါး သန်းပေါင်း ၁၄၀၀ မှ-၁၆၀၀ အထိ "တိတ်တိတ်ပုန်း" အကြွေး တင်လေသည်။ ဟစ်တလာ တက်လာခဲ့သော ၁၉၃၃ ခုမှ ၃၅ခုထိ၊ ၃ နှစ်အတွင်း၌ပင်၊ လက်နက်အတွက်၊ ရွှေဒင်္ဂါးသန်းပေါင်း ၁၂၀၀သုံး၍၊ ၁၉၃၅ တနှစ်ထည်းတွင်ပင်၊ ရွှေဒင်္ဂါး သန်းပေါင်း ၈၀၀ သုံး လေသည်။

ဗြိတိသျှတို့သည်လည်း၊ လက်နက်ပြင်ဆင်ရေးတွင် အညံ့မခံဘဲ လိုက်လုပ်ခဲ့ရာ၊ ၁၉၃၉-၄၀ ခုနှစ်အတွက်၊ ရွှေဒင်္ဂါးသန်းပေါင်း ၇၃၀သုံးစေလေသည်၊ ထို့ပြင် ထောက်ပံ့မည့်ငွေထပ်သည်ဖြင့်၊ လက်နက်အတွက်၊ ရွှေဒင်္ဂါးသန်းပေါင်း ၅၀၀ ထပ်ချေးနေသေးသည်။ (ရွှေတိုက်စိုး ဆာဆိုင်မွန်ကပြောသည်)။ ထိုသို့ပြတ်ပြိုင်တိုက်စစ်ပြင်ဆင်နေသဖြင့်၊ ဗြိတိသျှစခရှင်ကြီးများ၏လက်နက်ကုမ္ပဏီကြီးများမှာ၊ အမြတ်များသည်ထက်များ၍ ထွက်လာလေသည်။ အစုတန်ဘိုးများမှာ၊ အမြတ် များသည့်အလိုက် တိုးလာခဲ့၏။

၁၉၃၅ခုနှစ်တွင်၊ လက်နက်တိုက်-၁၃တိုက်၏အရောင်းများသည်၊ ပေါင်းရေ ရွှေဒင်္ဂါးသန်းပေါင်း ၁၁.၂မှ

၂၇.၉ သိုတက်သွားလေသည်။ (၁၄၉ ရာခိုင်နှုန်း ဈေးတက်သည်)။ ၁၉၇၇ ခုနှစ်တွင်၊ တစ်ကောင် အမဲစတော ရောင်း ကုမ္ပဏီတခုတည်း၏ အမြတ်ငွေမှာ၊ ရှ ဒင်္ဂါး ၅၄၇,၇၆၄ ဖြစ် ရာ။ ၁၉၇၅ ခုနှစ် တွင်၊ ရှ ဒင်္ဂါး ၉၂၈,၁၆၅ သို့တက်ထားလေသည်။ ဤကားခေနှုင်ကြီး များသည်။ လက်နက်ပြင်ဆင်မှု အပြတ်ရတ်ခြင်းဖြစ် လေသည်။ အမြင်လို၍ လက်နက်လုပ်သည်။ လက်နက် ပေါ်များ၍စစ်တိုက်ချင်စိတ်ပိုများလာလေသည်။

## (၉)
# အချင်းများစေသည့် နေရာများ

နေရှင်အချင်းချင်း မျက်နှာချင်းဆိုင်၍၊ တွေ့ကြ–ထိကြ သောအရပ်များမှာ၊ တရုပ်ပြည်နှင့် ဥရောပအလယ်ပိုင်း ဖြစ်ပေသည်။

တရုပ်ပြည်မှာ၊ ဗြိတိသျှ၊ အမေရိကန်၊ ပြင်သစ်တို့၏ ဈေးကွက်ကြီးဖြစ်ပေသည်။ ဂျပန်ကလည်း၊ တရုပ်ပြည် ဈေးကွက်ကြီးကို၊ သူတဦးတည်းသီးသန့်လုပ်စား လိုပေသည်၊ ဈေးကွက် သီးသန့်စားရန် ရှယ်ကိုး ၍ တည်။ မန်ချူးရီးယားကိုသိမ်း၊ မြောက်ပိုင်း တရုပ် နယ်များကိုသိမ်း။ တရုပ်ပြည်နှင့် စစ်တိုက် မြဲရှိ နေပေ သည်။ ဥရောပတိုက်တွင်ကား၊ ဂျာမနီနှင့် အီတလီ တို့ သည်၊ ကိုလိုနီများလိုချင်ကြသည်၊ ကိုလိုနီကို လွယ် လင့်တကူမရရှိသောအခါ၊ အနီးအပါး၌အားနည်းသော ပြည်နယ်များကိုသိမ်းပိုက်ကြပေသည်၊ ထိုအခါ၊ ဂျာမနီ အီတလီတို့ကတဘက်၊ အင်္ဂလိပ်ပြင်သစ်တို့ကတဘက် အတိုက်အခံဖြစ်ကြပေသည်။

ထိုသို့အားဖြင့်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်စ သော ဒီမိုကရေစီ နိုင်ငံကြီးများကတဘက်၊ အီတလီ၊ ဂျာမနီ၊ ဂျပန်စသောဖက်ဆစ်နယ်ချဲ့များကတဘက်၊ အ

တိုက်အခံဖြစ်နေကြသည်။ ထိုသို့ဓနရှင်နှင့်ဂျီ ဘိုး အတိုက် အခံဖြစ်နေသည့်အပြင်၊ အားလုံးသော ဓနရှင် သဘောကာ ကြီးသည်။ ဆိုဗီယက်ရုရှားနှင့်၊ အတိုက်အခံ ဖြစ်ရပြန် လေသည်။ ထို့ထက်အရေးကြီးသည်မှာ၊ ဒီမိုကရေစီဆို သော ဗြိတိသျှခေါင်းဆောင်သည့် ဓနရှင်နိုင်ငံကြီး အ ချင်းချင်းမသင့်မြတ်ခြင်းပေါ်ဖြစ်လေသည်။ အထူးသဖြင့်၊ အမေရိကန်နှင့်အင်္ဂလန်သည်၊ မသင့်မြတ်ချေ။ ပြင်သစ် နှင့် အင်္ဂလိပ်သည်၊ မသင့်မြတ်ချေ။ (ယခုမှမကွဲသာ၍ ပေါင်းနေကြသည်)၊ ဟစ်တလာတို့ရှုရသည့် ထိုသို့ဒီမို ကရေစီနိုင်ငံကြီးအချင်းချင်း မသင့်မြတ်ခြင်းနှင့်၊ ဓနရှင် လောကကြီးတရပ်လုံးက၊ ဆိုဗီယက်ရုရှားကို မုန်းသော ခြင်းတို့ကို၊ ကောင်းစွာအသုံးချခြင်းဖြင့် အသုံးချကာ၊ ကိုယ်အကျိုးအတွက်ဆောင်ရွက်လေသည်။ ဥပမာ၊ ဆို ဗီယက်ရုရှားကိုမုန်းသောကြောင့်၊ ဟစ်တလာသည်၊ ဗြိတိသျှတို့ထံမှအကူအညီယူခဲ့သည်။

ဗြိတိသျှနှင့် အမေရိကန် မသင့်မြတ်ခြင်းကို အခြေခံ ထားပြီး၊ ဂျပန်သည်၊ ဗြိတိသျှကိုမုန်းသသည်အကူ အညီ ယူခဲ့သည်၊ ဗြိတိသျှနှင့်-ပြင်သစ် မသင့်မြတ် ခြင်းကိုအခြေခံ၍၊ ဟစ်တလာသည်၊ ဗြိတိသျှထံမှ အ ကူအညီကိုယူလေသည်။

ဗြိတိသျှနှင့် အမေရိကန်-အဘယ်ကြောင့် မသင့် မြတ်ကြသနည်း။ အဘယ်ကြောင့် အတိုက်အခံဖြစ်ကြ သနည်း။ သူတို့နှစ်မျိုးလုံးပင်-တမျိုးတည်းက ပေါက်ဖွား

ကြသည်မဟုတ်ပါလော။ အင်္ဂလိပ် စကားပြောပြီး၊ အင်္ဂလိပ်ယဉ်ကျေးမှုကို အသိအမှတ်ပြုသူများသာ မဟုတ်ပါလော-ဟု ဆိုပေသည်။ သို့သော်-သွေးတူမှု-စကားတူမှု ဘာသာတူမှုကား၊ ယနေ့ခေတ်တွင် အရေး မပါလှပေ။ စီးပွားရေးအကျိုးတူမှု၊ မတူမှုသည်သာလျှင် ထကဲ့ အချက်ဖြစ်ပေသည်။

ပဌမကမ္ဘာစစ်ကြီးသို့၊ အမေရိကသည် ဝင်ရောက်တိုက်ခိုက်ရသည်မှာ၊ ဗြိတိသျှစသော၊ မဟာမိတ်များအား ငွေချေးထားသော၊ ငွေနှင့်ကုန်ပစ္စည်းများ မဆုံးရှုံးစေရန်ဖြစ်လေသည်။ ထိုအကြောင်းကို ပြလျက်၊ သံအမတ်ကြီးပိတ်(ချ)သည်၊ ဝီလ်ဆင်အား၊ စစ်ထဲဝင်တိုက်ဖို့တွန်းနဲ့လေသည်။ (၁၉၁၇-မတ်လ) စစ်တွင်းသို့ဝင်၍တိုက်သောအခါ၊ အမေရိကသည်အမြတ်များစွာရလိုက်လေသည်။ စစ်တွင်းသို့ နောက်ဆုံး မှဝင်ရသဖြင့်၊ အမေရိကမှာ။ ငွေဓာတ်ပန်းခင်-စစ်ပြေငြိမ်း ခြင်းနှင့် တွေ့ရလေသည်။ စစ်ထဲ မဝင်ဘဲ ကြားနေစဉ် ကလည်း စစ်ဖြစ်နေသောနိုင်ငံများမှာ၊ စက်မှု လုပ်ငန်း-စီးပွားရေးလုပ်ငန်းဟူသမျှကို၊ ဂရုမစိုက်နိုင်ဘဲ ရှိနေသရွေ့၊ အမေရိက ထပ်တည်းသော၊ ရိုင်ခံ၍ စီးပွားလမ်းပြောင်နေလေသည်။ အမေရိကသည် များစွာ ချမ်းသာသော နိုင်ငံကြီးအဖြစ်ဖြင့်၊ ကမ္ဘာစစ်မှထွက်မြောက်ခဲ့ပေ၏။

စစ်ကြီးမဖြစ်မီက၊ ကမ္ဘာ့ခေါင်းဆောင်အချမ်းသာဆုံး တိုင်းပြည်မှာ-အင်္ဂလန်ဖြစ်ခဲ့ပေ၏။ အင်္ဂလန်သည်ကမ္ဘာ၏

အကြီးဆုံးသော ကုန်သည်ကြီးဖြစ်သည့်သဘောမကားခွေ့အ
များအား ဖြားရေးနေသောဗြိတိန်ကြီးလည်း ဖြစ်ခဲ့သေသည်၊
၁၉၂၅-ခုနှင့်၊၂၈ ခုကြားတွင်၊အမေရိကန်မှနိုင်ငံခြားသို့
နှစ်စဉ် တင်ပို့သော ဓနရှင်းငွေမှာ၊ဒေါ်လာသန်းပေါင်း-
၁၀၀၀ဖြစ်ထသည်။ ထိုငွေအိုအပေါ်မှ၊ နှစ်စဉ်အတို
ငွေဒေါ်လာ သန်းပေါင်း ၅၂၃-ခုသည်၊ စင်ကြွေးတို့မှ
သန်းပေါင်း-၂၃၀ ရထသည်။ငင်ငံ စင်ပြ သွားပြီးနောက်
ဥရောပတိုက်တွင် စက်မှုလုပ်ငန်း၊ ဖြန့်လည်ဘည်းထောင်
နိုင်သည်မှာ အမေရိကန် ငွေကြေးငှ ဖြစ်ပေသည်။

ကုန်အတွက်တွင်လည်း။ ကမ္ဘာစစ်ကြီး၊ မတိုင်မီက၊
အမေရိကန်က ဗြိတိသျှထက် လျော့နည်း၊ ကမ္ဘာစစ်ကြီးပြီး
သောအခါ၊အမေရိကန်ကချည်းသော ထောတော့သည်။ (စာမျက်
နှာ-၅၅-အခန်း၇ တွင်ဖြန့်ကြည့်ပါ၊) ကုန် အသွက်သော
လျှင်မဟုတ်၊ကမ္ဘာ့နိုင်ငံအသီးသီးသို့ဘင်ပို့ရာတွင်လည်း
အမေရိကန်ကထွက်ကုန်ပိုများလေသည်။(စာမျက်နှာ-၆၀
တွင်ကြည့်ပါ)

ထိုထက်အရေးကြီးသည်မှာ၊ ဗြိတိသျှ ရိုမိန်ယံနိုင်ငံ
များသည်၊ဗြိတိသျှမိခင်နိုင်ငံတော်ကြီးနှင့်၊စီးပွါးရေးနှင့်
ရေးတို့၌၊ ချုပ်ခြိမ ဖြိုသလောက်၊ အမေရိကန် (United
States of America)နှင့်၊ရင်းနှီး ဆက်စပ် လာခဲ့လေ
သည်စီးပွါးရေး ဘက်တွင်၊ အမေရိကန်သည်၊ ကနေဒါ
ပြင်စ တော ထီး ထေး စ သော၊ ရိုမိန်ယံ ပြည်များတွင်၊
ကြာလေကြာလေအမြစ်တွယ်လေဖြစ်နေပေသည်။ ၁၉၁၃-ခု

မှ၊ ၂၉-ခုအထိကြားတွင်း ဗြိတိသျှအင်ပိုင်ယာ (ဗြိတိနီယံကိုလိုနီအားလုံး)တွင်းသို့ဗြိတိသျှတင်ပို့သောကုန်မှာ၊ ၄၄% မှ ၃၄%သို့ကျဆင်းခဲ့သည်။ ထိုအချိန်အတွင်းဗြိတိသျှအင်ပိုင်ယာတွင်းသို့ဝင်သောအမေရိကန်ကုန်မှာ၊ ၂၂%မှ ၂၆% သို့တက်ခဲ့လေသည်။ အင်ပိုင်ယာကိုနိုင်ငံခြားသားဘာသာနှင့်၊ ကြီးစိုးနိုင်သော ဗြိတိသျှ အခြားကုန်များထက်၊ သူတို့ကုန်ကအသာရအောင် စီမံချက် အမျိုးမျိုး ရှိသည်ကို ထောက်သော်၊ အမေရိကန်ကဝင်ရောက်၍၊ "ခွာ" နေခြင်းမှာ၊ ဗြိတိသျှအတွက်မခံချိအံ့ သောဖြစ်စရာကောင်းပေသည်။)

မူလဘ ကနေ့ဒါ (ဗြိတိသျှဗြိတိနီယံ)တွင်၊ ဗြိတိသျှအရင်းငွေသည်အများဆုံးဖြစ်ခဲ့သော်လည်း၊ အမေရိကန်ကဗြိတိသျှကိုအနိုင်ရအောင်ယှဉ်ပြိုင်နိုင်သဖြင့်၊ ယခုအခါအမေရိကန် အရင်းငွေသာလျှင် လွှမ်းနေ၏။ ထိုကဲ့သို့ပင် ဩစတေးလီသားကို၊ အိမ်သွင်းရန်၊ အကြီးနှင့်အမေရိကန်သည်၊ ၁၉၂၅-ခုနှစ်ကဩစတေးလီသားအားဒေါ်လာ သန်းပေါင်း၁၀၀ ထုတ်ချေးခဲ့လေသည်။

ဗြိတိနီယံနိုင်ငံခေါင်းဆောင်များဘာသည်၊ အမေရိကန်ကို၊ အားသာကြောင်း၊ အမေရိကန်ကိုသာ၊ ပူးပေါင်းရမည့်ကြောင်းအစီအစဉ်တရားချ၍ ပြောနေကြလေ၏။ ရှေ့နေချုပ်မင်းသားအက်လဇင် နိုင်ငံခြားသားကြီး များကလည်း၊ ထိုအချက်ကိုသိကြလေသည်။

“ဒေါင်းနှင်းထမ်းတွင်၊ ကြိုးစားပန်းစားရှင်းပြပေးကြရသေးအချက်အခဲများကို ဝော်ရှင်တန်က၊ ဖြတ်ခဲ့နေသည်နိုင်သည်ဟု ပက်ဘိဇံ သမ္မတကိုထွက်ကြည့်သူတိုင်း၊ ထင်ကြသည်။ ကျွန်ုပ်တို့၏ဒိုမီနီယံ များသည်၊ ကျွန်ုပ်တို့အား တိုင်ကြားသောအခါ၊ကျွန်ုပ်တို့က ညွှာတာသော အဖြေကိုမပေးကျွန်ုပ်တို့ကသူတို့၏ အခေါ်အဝေါ်ကို နားမထည့်ကြ။ ရင်းနှောက် သူတို့သည်၊ ဝတ်ရှင်တန်ဘက်သို့ဖွားသို့ကြ၏၊ ဝတ်ရှင်တန်ကသည်း မျက်စိရှင်၏သူတို့ကို ကြည်ဖြူစွာ မှိတ်ကြည့်၏။”

ဆာဇေအော့ကာသင်ဂက်ဂက်၊
အင်္ဂလိပ်စကားပြောသူတို့၏ သမဂ္ဂအသင်းတွင်၊
၁၂-၁၁-၂၂

ဩစတေလိယားတွင်၊ ရှိသူတို့သည်၊ အမေရိကန်၊ ဘက်သို့ညွှတ်နေသည့်ပြားများရွာအံ့ဩဘွယ် မဟုတ်ပါ၊ ထိုနှစ်ပြည်ထောင်တွင် တိုးတက် ကြီးပွါးရေးအတွက်၊ ထမ်းတူဆောင်ရွက်တို့ရှိပါသည်။ထို့ပြင်၊ ဥရောပတိုက်၌ ပေါ်သမျှအရှုတ်အထွေးများတွင်၊ ထို နှစ်ပြည်ထောင်လုံး တဝင်မထွက်လိုကြပေ။ ခရစ်သက္ကရာဇ် ၁၉၁၀-ရာရုအတွင်း တအမေရိက သည်လွှတ်လပ်ရေးစည်ကို တီးသောအခါ၊ အခြားသော ဒိုမီနီယ တို့ အတွက်လည်း၊ တီးသည်ဟု

ပြစ်တောလီယားသားများက ယူဆခဲ့ကြသည်။
ပြစ်တောလီယားနန်းရင်းဝန် အက်စ်-အမ်ဘာချစ်
၁၂-၁၁-၂၈

ရိုမီနီယံ တို့သည် အမေရိကန်ကို၊ အင်္ဂလန် ထက်ပို၍မေတ္တာရှိကြသည်။ ရိုမီနီယံနှင့်၊ အမေရိကန်တို့တွင်း အမြင်တူ-အကျိုးတူ ရှိကြသည့်ပြင်၊ နောက်ဆုံး ရည်ရွယ်ချက်ဘွင်လည်း တူကြပေသည်ဟု ထင်ပေသည်။
တောင်အာဖရိက နန်းရင်းဝန်ကြီး ဂျင်နရယ်စမတ်
၁၂-၁၁-၃၈

ဂျင်နရယ်စမတ်မှာယခုလည်းအာဖရိက နန်းရင်းဝန် ဖြစ်သည်။ အာဖရိကနန်းရင်းဝန်ဟောင်း (အင်္ဂလန်ဘက်မှ နေ၍ ဂျာမနီကိုစစ်တိုက်ချင်သေးသောကြောင့်ကြံမသီကာပြုတ် သွားသူ)ဂျင်နရယ်ဟာတ်ဇော့ကမူ၊ ဗြိတိသျှ အင်ပါယာ မှထွက်ချင်သောအခါ ထွက်ခွင့်၊ အခွင့် အရေးကိုပင် တောင်းခဲ့ဖူးသေးသည်။

အမေရိကန်ကလည်း၊ ကိုယ့်တို့ဘက် ပါအောင်ဆွဲထုတ်ရှိ ၏၊ အင်္ဂလန်ပြည်ရှိအင်္ဂလိပ်လူမျိုးအချို့ကိုပင်၊ အမေရိက ဘက်ပါအောင်၊ မြှူဆွယ်များရှိ၏၊ ဥပမာ၊ လောက်ရှိသမျှ ရှေ့တွင်သည့်စစ်ကိုမလိုလားကြောင်း။ ငြိမ်းချမ်းသော ယာခွဲ နေပါမည့်အကြောင်းဖြင့်ကြီးရှင်တို့သည်၊ အရှေ့ ဆန့်ကျင်ဘက်ရှေ့ပါမည့် အကြောင်း၊ သူတော်ကောင်း

စကားခဏခဏပြောခြင်း။ စစ်မဖြစ်ခင်ဖြန်းဖြတ်ရှိအကြီး ပေးခြင်းဖြင့် အင်္ဂလိပ်လူမျိုးအချို့က သူ့ကိုအထင်ကြီး အောင်ခင်မင်အားထား အောင်လုပ်ပေးရှိပေသည်။ အရပ် စကားဖြင့်အလိမ္မာလိုင်လွန်းသည်။ သူ့ရစ်ကြီး ဖြစ်ခါစက သူသည် အင်္ဂလိပ်ချာနီစသည်တို့ဘ၊ ဂျ ကြီးသာအခါ စစ်နှင့်ပတ်သက်သော နေရာများတွင်သာကြံပါ၊ အခုသူ အရပ်သားတို့ကို ကြံပါနှင့်ဟုတောင်းဆိုနေသည်၊ ချိန်ဘာ လိန်က မူလကတည်းဖြတ်ထားသည့်အတိုင်း စစ်နှင့်ဆိုင်ရာ တို့ကိုသာ ဂျ ကြံမည်"ဟုဖြန့်၍ ပြောလေသည်။ (ရှူးဗတာ မင်းပြောလို့ မဟုတ်ဘူး။ ခင်းရှုလိမ္မာဝင်မလုပ်စမ်းပါနှင့်၊ အဓိပ္ပါယ်အနှူးပါလေသည်။)

ဗြိတိသျှအစ်ပါသာဘွင်ရင်း အင်္ဂလန်တွင်ရင်း၊ အမေရိ ကားဘက်သို့ မျှော်ညွှတ်အောင်လုပ်ပြီး စီးပွားရေး နယ်ချဲ့ နေသည်။ အမေရိကားနေရှင်နှင့် အားကျောင်းခံရသော ဗြိတိသျှ နေရှင်တို့ မသင့်မြတ်ကြသည်မှာ သဘာဝ ကျလှပေ၏။

ဗြိတိသျှနှင့်ပြင်သစ်မှာ၊ နေရှင်နိုင်ငံထဲတွင် အသင့်မြတ် ဆုံးဖြစ်လေသည်၊ ပုပေါင်း၍ တိုက်စရာရှိလျှင်ညီညွတ် လွယ်ကြ၏။ သို့သော် တိုက်ပြီးရ ဘေးသာအမြတ်ကို ဝေ ရာခွဲရာ၌၊ ခဝရမတော်၍ ကွဲကြလေသည်။ ဥပမာ ပထမပွဲစစ် ကြီးအပြီး၌၊ ဗြိတိသျှသည် ဂျာမနီ၏ရေကြောင်းစစ်ရေ ကြောင်းအကျုံးအသန်း ရှောင်းဝေထင်ရေးစသည်တို့ကို ပြို ဖျက်၍ ဂျာမန်ကိုလိုနီများကို ဆုပ်သိမ်းရန်သာ လိုသော သည့်ပြင် ချာမသိုက်နှိုကားအားဘုအင်ဘု နိုင်ငံကြီးအ ဘွ

ရှိနေစေလိုသည်။ ပြင်သစ်၏ ရည်ရွယ်ချက်ကား၊ ဤသို့မဟုတ်။ ဂျာမနီသည် ဥရောပတိုက်တွင်း၌ တုညှိတန်း၍ စားတိုင်းပြည့်ထောက်သော ဖြစ်နေစေချင်သည်။ ဂျာမနီတွင် ကုန်းကြောင်း စစ်ဘင်မသားစေသည့်၊ ကာကွယ်ရေး လက်နက်များ မဖြင့်စေလို။ ဂျာမနီတွင်ရှိ၊ သံကျောက် မီးသွေး တို့ကဲ့ သို့ ယူနိုင်ရန်ရှာ၊ နှင့်လော်ရိန်းနယ်များကို သိမ်းပိုက်ချင်သည်။ ထို့နောက်၊ ဥရောပတိုက် တွင် ပြင်သစ်သည် ခေါင်းဆောင်နိုင်ငံကြီးအဖြစ်ဖြင့်နေချင်သည်။ ဤကွဲလွဲမှု နှစ်ချက်သည်များစွာအရေးကြီးပေ၏။

ပြင်သစ်က၊ ဂျာမနီထံမှ စစ်လျော်ကြေး များစွာ တောင်းချင်၏။ အင်္ဂလိပ်က မထောက်ခံ။ ပြင်သစ်သည်၊ ၁၉၂၃-နှစ်က ရူးနယ်ကို သိမ်းယူသောအခါ၊ အင်္ဂလိပ်က ကန့်ကွက်ခဲ့၏။

၁၉၂၁-ခုနှစ်တွင် တူရကီသည်၊ ဂရိတ်ပြည်ကို ရန်ကန်သောအခါ၊ ဗြိတိသျှက ဂရိတ်ကို အားပေး၏၊ လက်နက်ဖြင့်ကူညီ၏။ ပြင်သစ်က၊ တူရကီကို ကူညီအားပေး၏။ ဗြိတိသျှနှင့်ပြင်သစ်မသင့်မြတ်မှုကို အခြေထားလျက် ကီမယ်ပါးရှားသည်၊ လွတ်လပ်သော တူရကီပြည်ကို တည်ထောင်နိုင်ခဲ့လေသည်။

ပြင်သစ်သည်၊ ဥရောပတိုက်တွင်၊ တဘက်သပ်ကြီး စိုးမနေနိုင်စေအောင်၊ အင်္ဂလန်သည်ဂျာမနီကို အကူအညီ အမျိုးမျိုးပေးခဲ့သော်၊ ၁၉၃၅-၃၆-ခုများတွင်၊ ဂျာမနီသည် စစ်ပြေငြိမ်းစာချုပ်များကို ချိုးဖောက်သောအခါ၊

အင်္ဂလိပ်သည်၊ဂျာမနီကို ကူညီ၍၊စာချုပ်များကို ဖျက်သည့်အတွက်၊အရေးမယူသည့်ပြင်၊ အရေးယူသူများကို သူကကန့်ကွက်ခဲ့သေး၏။၁၉၃၅-ခုနှစ်တွင်၊ အင်္ဂလိပ်သည် ဂျာမနီနှင့်ရေကြောင်းစာချုပ်ချုပ်ဆိုလေရာ၊ဂျာမနီသည် ရေငုပ်သင်္ဘောများကို၊ ဗြိတိသျှထက်ပင် ဆောက်နိုင်ခွင့်ပြုလေသည်။ ထိုသို့အင်္ဂလန်က၊ဂျာမနီကို ကူညီသောအခါ အီတလီကိုပြင်သစ်ကချော့၍၊အီတလီသည် အဘိသီးနီးယားကိုသိမ်းသောအခါ၊အင်္ဂလိပ်ကကန့်ကွက်၍၊နိုင်ငံပေါင်းချုပ်အသင်းကြီးက၊အရေးယူဘို့ဖိမန့်၏၊ပြင်သစ်ကအီတလီဘက်ကရှနေလိုက်ပြီး၊ အင်္ဂလိပ်၏အလုပ်ကိုကန့်ကွက်လေ၏။(ပြင်သစ်အီတလီစာချုပ်ကို၁၉၃၅ခု-ဇန်နဝါရီလတွင်၊ချုပ်လိုက်သည်။) ပြင်သစ်က ဂျာမနီနာဇီဘေးမှ ကာကွယ်ပေးရန်၊ အင်္ဂလိပ်ထံမှ ခံချက်တောင်း၏။အင်္ဂလိပ်ကလည်း ခတာခတာ ငြင်းပယ်ပစ်၏။

ဂျာမနီနှင့် အီတလီတို့သည်၊အင်္ဂလိပ်နှင့် ပြင်သစ်မသင့်မြတ်မှု၊အင်္ဂလိပ်နှင့် အမေရိကန်မသင့်မြတ်မှုနှင့် ဓနရှင်လောကကြီးနှင့်ဆိုဗီယက်ရုရှား မသင့်မြတ်မှုတို့တွင် အခွင့်ကြုံကာသူတို့အကျိုး၊ရရာရကြောင်းပြောင့်ဖြူးဆောင်ဆောင်ရွက်သွားကြလေ၏။

ဟစ်တလာသည်ကော်မြူနစ်ဝါဒကို ဖျက်မည်၊ရုရှားကိုနှိမ်မည်ဟု အစကပင် ကြွေးကြော်ခဲ့၏။ဟစ်တလာသည်၊ဂျာမနီပြည်၏ အာဏာရှင်ဖြစ်သော အခါ၌လည်း

ခလောခလောထိုသို့ကြုံးဝါး၏။ ဗြိတိသျှအစိုးရတို့သည်၊ ဟစ်တလာ၏ ကြုံးဝါးသံကို အကယ် ထင်မှတ်ကြကုန်၍၊ ကော်မြူနစ်ကိုတိုက်ဖျက်ရန်ဟစ်တလာအားထောက်နက်တချွန်းဖြစ်ဖြင့်သုံးရတော့မည်ဟု ထင်မှတ်ခဲ့၍၊ ဟစ်တလာ၏ နာဇီအစိုးရပျက်သွားချင်လည်း ကော်မြူနစ်အစိုးရဖြစ်လာမည်ကိုလည်းစိုးရိမ်၏။

> "နိုင်ငံကြီးများသည်၊ ဂျာမနီတွင် နာဇီအစိုးရကို ဖြိုဖျက်လိုက်ခဲ့သော်၊ ဘာလာမည်ကို သိကြပါသလား။ ကွန်ဆာဗေတစ်၊ လစ်ဘရယ်နှင့် ဆိုရှယ်လစ်တို့ လာမည်မဟုတ်။ အယူသည်းလေဆိုသော ကော်မြူနစ်တို့လာကြမည်။ နိုင်ငံကြီးများသည် ထိုသို့ဖြစ်စေရန် လိုလားကြမည် မဟုတ်ပါ။ ကော်မြူနစ် ဂျာမနီသည် ကော်မြူနစ် ရုရှားထက်ကြောက်မက်ဘွယ် ကောင်းလိမ့်မည်။ ဂျာမန်တို့သည်၊ ကော်မြူနစ် ဝါဒကို (ဘုံဝါဒကို) ဘယ်မျှထိရောက်အောင် အသုံးချနိုင်သည်ကိုသိကြသည်။"

လွိုက်ဂျော့–၂၂–၉–၃၃

၁၉၂၃–ခုနှစ်က၊ ဘာဘဝင်မြို့ရှိ ဗြိတိသျှသံအမတ်ကြီးထံသို့ စာသွန်းသည် ဟွင်နရယ် ပေါ့ဖမင်းနှင့်တွေ့၍ စကားပြောကြရာ၊

"ကြီးပွားနေသောနိုင်ငံကြီးအားလုံးနှင့်တို့ပေါင်းပါပြီး ရုရှားအစိုးရကို သတ်ဖြတ်ခြင်းကလွှာကြီးတွင်၊ ဘာချုအ

မှန်အောင်ကန်ဒရောက်နိုင်လိမ့်မည် မဟုတ်ဟူသော သဘောယူ၍အဆ
မှားသော သူ့သဘောထားအားဟုသဘောကို ကြိုးစားပြုပြင်ခြင်း နေသည့်
ရုရှားကို တိုက်ရန်အင်္ဂလန် ပြင်သစ်ဂျာမနီတို့သည် ညီ
ညွတ်နိုင်ကြလိမ့်မည်မဟုတ်ပါသလားဟု မေးလိုက်ရာ၊ ညီညွတ်
တို့တော့ လိုတာဘဲ၊ ညီညွတ်မှ ဖြစ်မယ်"ဟုသူက ပြောလေ
သည်"ဟု လေတွန်ဒဘာသာနှုန်း ၎င်း( An Ambassador of-
Peace ) ဆိုသောစာအုပ်တွင်ရေးထားခဲ့သည်။

ဟစ်တလာသည်၊ ရုရှား၏ ရန်စွယ်ကို ငထိနိုင်မည့်
စစ်ဗိုလ်ကြီးအဖြစ် ဖြင့် ဂျာမန်စစ်မြင့်ပေါ်တွင် ပွဲကပြ၏၊
အင်္ဂလိပ်ခေါင်းချင်တို့သည် ဟစ်တလာက ပြသည့်ကို ထ
ကယ်ထိန်း ယုံကြည်ကြ၏၊ သို့ကြောင့် ဟစ်တလာကို
အကူအညီပေးကြ၏။

ဂျာမန်သည်လည်း၊ အမေရိကန်နှင့် အင်္ဂလိပ်မသင့်မြတ်
မှု ခေါင်းချင်းသာကာနှင့် ရုရှားမသင့်မြတ်မှုတို့အပေါ်တွင်
အမှီပြု၍ အဆီထုတ်လေသည်၊ တရုတ်ပြည်တွင်၊ အမေ
ရိကန်ကလက်ဝါးကြီး အုပ်ချင်သည်၊ အင်္ဂလိပ်ကဂျာပန်နှင့်
ပေါင်းစပ်၍၊ တရုတ်ပြည်တွင်ညီတူညီမျှ ခွဲစားချင်သည်၊ တ
ရုတ်ပြည်၏ စည်းပွားရေးလုပ်ငန်းများမှာ၊ အင်္ဂလိပ်လက်
ထဲတွင်ရှိ၏၊ ထို့ကြောင့်၊ ဂျပန်ကိုတရုတ်ပြည်၌ ဝေစုခွဲပေး
လိုက်၏၊ ဂျပန်ကသော အိန္ဒိယပြည်ကို မထိပဲ၊ ရုရှားပြည်ကို
ရန်စနေရမည်၊ ဂျပန်ကို အင်္ဂလိပ်က၊ အရှေ့ဘက်တလွှား
ကွင်း၊ သူ့အိမ်စောင့် "ဂျာ ဗိုဒ်"အဖြစ်ဖြင့် အသုံးချချင်
လေသည်၊ ၁၉၃၄-ခုနှစ်တွင်၊ ဂျပန်နှင့်အင်္ဂလန် သဘော

တူ စာချုပ်ဖြင့်လုပ်လိုက်ရာ၊ ဗြိတိသျှကဂျပန် အတွက်စစ်သင်္ဘောတော်များဆောက်ပေးခဲ့သည်။ လက်နက် ဖြင့်ဆင်ပေးခဲ့သေးသည်၊ ၎င်းတို့သဘောတူ စာချုပ်ချုပ်ပြီ လျှင်ပြီးပြီးခြင်း။ ထိုနှစ်တွင်ပင်၊ တရုတ် ဂျပန်စစ် ဖြစ်ခဲ့သည်။ ဂျပန်သည် ကိုရီးယားကိုရလိုက်ပေ၏။ ၁၉၀၂ ခုနှစ်တွင် အင်္ဂလန်နှင့်ဂျပန်မဟာမိတ်စာချုပ်ချုပ်လိုက်ရာ၊ ၁၉၀၄-၅ ခုတွင် ရုရှားဂျပန် စစ်ဖြစ်သေးသည်။ စစ်အပြီးတွင်၊ ဂျပန်သည် ပို့တ်အာသာ၊ ဒေါင်းတွန်း ကျွန်းဆွယ်နှင့်၊ တောင်ပိုင်းမန်ချူးရီးယားတို့ကိုရလိုက်သေးသည်။ ၁၉၀၅ ခုနှစ်တွင် ဂျပန်နှင့် အင်္ဂလိပ် ထပ်မံစာချုပ်ကြီးပြုရာ၊ ဂျပန်သည် အိန္ဒိယပြည် အင်္ဂလိပ်၏ တန်ခိုး တည်တံ့အောင် ကူညီရမည်။ နှစ်ပြည်ထောင်အနက်၊ တပြည်ပြည်သည်၊ အခြား တတိယ ပြည်ပပြည်နှင့် စစ်ဖြစ်လျှင်၊ ကျန်တိုင်းပြည်က ကူညီရမည်ဟူသော အချက်များပါရှိသေးသည်။

၁၉၁၄ခု စစ်ကြီးပြီးသောအခါ အမေရိကသည်၊ ဂျပန်နှင့်အင်္ဂလိပ် ပူးပေါင်းခြင်းကို၊ အတင်းဖျက်ပြစ်လိုက်သေးသည်။ အမေရိကကြောင့်၊ သူတို့ပူးပေါင်းခြင်း စာချုပ်များမှာ ၁၉၂၁ ခုနှစ်တွင် ပျက်ရတော့သည်။ အင်္ဂလန်နှင့် ဂျပန်မှာ၊ အမှန်အားဖြင့် ပူးပေါင်းမြဲ ပူးပေါင်းလျက်ရှိသေး၏။

"ထိုသော် အရှေ့ဘက် နိုင်ငံတို့၌ ငြိမ်းချမ်းရေးမှာ ဂျပန်နှင့် အင်္ဂလန် ညီညွတ် သင့်မြတ်

ကြခြင်းအပေါ်တွင်တည်နေခဲ့သည်။ ယခုလည်း
တည်ရှိလျက်ရှိပေသည်။"

ယောက်မြို့စားကြီး-၃၀-၆-၂၅၊

ဂျပန်သည် ၁၉၃၁ ခုနှစ်ကစပြီး၊ တရုတ်ပြည်သို့ ဝင်ရောက်တိုက်ခိုက်၏။ မန်ချူးကိုကို သိမ်းပိုက်၏။ ငါးနှစ်မျှတိုက်ယူရာ၊ မန်ချူးကို၊ ဂျေဟို၊ မောင်ကိုလီးသားနှင့် တရုတ်ပြည်မြောက်ပိုင်းများကို ပိုင်ထားခဲ့ပြီ၊ ထိုနယ်တို့တွင်လူဦးရေသန်းပေါင်း ၁၁၀ မျှရှိ၏။ ဗြိတိသျှဦးဆောင်သော နိုင်ငံပေါင်းချုပ်အသင်းကြီးသည်၊ ဂျပန်၏မတရားကျူးကျော်ခြင်းကို လက်ပိုက်ကြည့်နေခဲ့ပေ၏။

ဓနရှင်နိုင်ငံကြီးတို့မှာ အချင်းချင်းမသင့်ကြသဖြင့်၊ အသီးသီးဖက်စစ်နိုင်ငံများကိုကူညီကြသောအရာ၊ ဖက်စစ်နိုင်ငံများဖြစ်သော၊ ဂျာမနီ၊ ဂျပန်နှင့်အီတလီတို့သည်၊ ဘေးမူးရှင်ကို ကျော်လွှားနိုင်သော အခြေသို့ ရောက်ခဲ့ပေ၏။ ဖက်စစ်များကား၊ အားအင်ဖောင့်တင်းခင်သော ဗြိတိသျှ ဧသောပြည်ကြီးနှင့်ခင်ဟာန် မင်ဟာန်းဆောင်ကြသည်၊ အားအင်တင်းသည်နှင့်တပြိုင်နက်၊ ထိုနိုင်ငံကြီးများသက်သို့ဇွည်ကာ ရန်မူကြသည်။ ထိုပရိယာယ်မှာကွယ်ဝှက်သော ပရိသါလီမဟုတ်:ပါပာစ်တာထသည် သူရေးသော ကျွန်ုပ်၏တွန်းစားခြင်း (ကမ္ဘာပေါ်တွင် စောင်ရေအများဆုံးသောစာအုပ်) ဟူသောစာအုပ်တွင်၊ "အင်္ဂလန်နှင့်မူပေါင်းတို့ အသည်ပေါ်ပြထားပေသည်။ ဟစ်တလာသည် ဆိုဗီယက်ရုရှားကိုမုန်းသည်။ ကားမှန်၏။ စွမ်းအား

ရှိရှောင့်ကြုံးဝါးသည့်အတိုင်း၊ ဆိုဗီယက်ကိုတိုက်ဖျက် မည်မှန်ပါ၏။ ထို့သော်၊ ဆိုဗီယက်သည် စစ်လက်နက် အားလူအား-ငွေအားတွင်၊ အသင့် စောင့်နေသဖြင့်၊ ဆိုဗီ ယက်ကို မတိုက်သေးဘဲ၊ အချင်းချင်း ငြိမ့်ပြန့်တိုက်ရန်သုံး ဖြတ်၍၊ အချင်းချင်းကိုနိုင်ပြီးမှ ဆိုဗီယက်ဘက်သို့ရှိ တက်မည်ထင်ရ၏။ ထို့ကြောင့်၊ အားရှိလာသောအခါ ဟစ်တလာသည် အစာပေးသောလက်ကို ကိုက်သော သတ္တဝါကဲ့သို့ကျင့်သော၏။

ဟစ်တလာ၏ လုပ်ငန်းကို ကြည့်လျှင် အဆင့်ဆယ် ဆင့်တွေ့ရမည်။

(၁) ၁၉၃၃-ခုနှစ်တွင်၊ ဟစ်တလာတို့ နာဇီအစိုးရ တက်လာလျှင်လာခြင်း၊ လက်နက်ပြင်ဘို့ကြိုးစား၍၊ ဗြိတိ သျှ နန်းရင်းဝန်ကြီးသည် နိုင်ငံပေါင်းချုပ်တည်ရာဂျနီဗါ သို့သွားပြီ ဂျာမနီအားမတရားသဖြင့်ချုပ်ချယ်ခြင်းများ ကိုပယ်ဖျက်ဘို့ ဂျာမနီ၏စစ်လက်အားကိုနှစ်ဆတိုးမြှင့် ခွင့်ပြုဘို့၊ ပြင်သစ်လက်နက်အားကို လျှော့ဘို့အဆိုသွင်း လေသည်။

(၂) ဂျာမနီနှင့်ပိုလန်သည် ၁၉၃၄ခုဇန္နဝါရီလတွင် စာချုပ်တခု ချုပ်ကြလေသည်၊ ရည်ရွယ်ချက်မှာ၊ နှစ် ပြည်ပေါင်း၍၊ ရုရှားကို ဝင်စီးရန်ဖြစ်လေသည်။ ပိုလန် ပြည် သတင်းစာများတွင် ဂျာမန်နှင့်ပိုလန် ရုရှားကို တိုက် ရန်လုပ်ငန်းအစီအစဉ်များ ထွက်ပြဲသားသည်ကို ထိုအ ခါတွေ့မြင်နိုင်လေသည်။

(၃) ၁၉၃၄ ခုနှစ်ဇူလိုင်လတွင်နာဇီတို့သည်ဩစတြီးယားသမတ ဒေါ်လဖတ်စ်ကိုသတ်ပြီးနောက် တိုင်းပြည်ကိုသိမ်းရန်ကြံကြသည်။ အီတလီက ကန့်ကွက်သဖြင့်ပျက်သွားသည်။

(၄) ၁၉၃၅ ခုနှစ်စနောက်တွင်ဆားနယ်ကိုဟစ်တလာပြန်ရလေသည်။ ထက်နက် ၂ နှစ်မျှကျကျနန ပြင်ပြီးပြီဖြစ်သဖြင့်၊ ဟစ်တလာသည်ဗာဆိုင်းစာချုပ်တွင် ပါသောစစ်[illegible]င်းသပ်ရေးအပိုဒ်များ ကို၊ ဖျက်ပယ်လိုက်လေသည်။ မဝင်မနေရစစ်မှုထမ်းဥပဒေကိုထုတ်ပြန်လိုက်ပေ၏။ ဤသို့ ဂျာမနီက စာချုပ်ကို ဖောက်ဖျက်သော်လည်း၊ အင်္ဂလိပ်အစိုးရသည် အရေးမယူပေ၊ စာချုပ်ပေါက်ပျက်ပြီး၊ ဆယ်ရက်အကြာတွင်၊ အင်္ဂလိပ်နိုင်ငံခြားဝန်ကြီး ဆိုင်မွန်ဘာလင်သို့သွား၍၊ ဟစ်တလာနှင့်တွေ့လေသည်။ ထိုနှစ် ဇွန်လတွင်ပင်၊ ဂျာမန်၊ အင်္ဂလိပ် ရေကြောင်းစစ် သဘောတူညီချက်များကို လက်မှတ်ထိုးပြီးလေသည်။

(၅) အထက်အဆိုပါ ရေကြောင်းသဘောတူညီချက် အရဂျာမနီသည် အင်္ဂလိပ်နိုင်ငံ ရေကြောင်းအားထက် ၃၅ % အရောက်ထားနိုင်ကြောင်း၊ ဂျာမန် ရေငုပ်သင်္ဘောများ သည်၊ အင်္ဂလိပ် ရေငုပ်သင်္ဘောထက်ပင် များနိုင် ကြောင်း၊ ခွင့်ပြုထားလေသည်။

(၆) ဟစ်တလာသည် ၁၉၃၆-ခုမတ်လတွင် ရိုင်း မြစ်ဝှမ်းကိုစစ်မြေပြင်အဖြစ်ဖြင့်၊ ပြင်ဆင်လိုက်ခြင်းအား ဖြင့်လိုကာနိုစာချုပ်ကိုဖျက်ဖြစ်လိုက်လေသည်၊ထိုနှစ်ထို

တိုင်အောင် အင်္ဂလိပ်တို့သည်၊ ဂျာမနီကို အားပေးခဲ့ ရှိခဲ့၏။ ပြင်သစ်က၊ ထိုသို့မျှော်မပေးဘဲ၊ နိုင်ငံကြီးအား လုံးပေါင်းပြီး ဂျာမနီ၏ရန်ရွယ်ကို ချုပ်နှိမ်ဖို့ အကြံပေး သည်ကို၊ ဗြိတိသျှက လက်မခံကြပေ။ ဂျာမနီ၏အနောက် ဘက်နယ်စပ်တွင် ဂျာမန်တို့က ရန်မူလျှင်ကား၊ ဗြိတိသျှ က ပြင်သစ်ကိုကူညီပါမည်ဟုဆို၏၊ အခြားနယ်မှာ၊ အ ရှေ့ဘက်တွင် တရုတ်ရာ ဟစ်တလာလုပ်ချင်ကား၊ ခွင့် ပြုမည်ဖြစ်၏။

(၇) ၁၉၃၈ ခုနှစ်မတ်လတွင်ဂျာမနီသည်၊ ဩစတြီးယားကို သိမ်းပိုက်လေတော့၏။

(၈) ၁၉၃၈ ခုစက်တင်ဘာလတွင် ဟစ်တလာသည်၊ ဆူဒေတင်နယ်များကို ချက်ကိုစလိုဗက်ကီးယား ထက်ထဲမှ ဖြတ်ယူ၏။

(၉) ၁၉၃၉ ခုနှစ်ဇန္နဝါရီလတွင်၊ ဟစ်တလာသည် ချက်ကိုစလိုဗက်ကီးယားကို သိမ်းပိုက်လေတော့၏။

(၁၀) ၁၉၃၉ စက်တင်ဘာလတွင် ဟစ်တလာသည်၊ ဒန်းဇစ်ကိုသိမ်းပိုက်လိုက်၏။ ဒန်းဇစ်ကို သိမ်းပိုက်ရုံမက၊ ပိုလန်ကိုလည်း ဝင်ရောက်တိုက်ခိုက်လေရာ၊ အင်္ဂလန်နှင့် ပြင်သစ်တို့သည်၊ ဝင်တိုက်ကြ၏၊ ဒုတိယကမ္ဘာစစ်ကြီးစလေပြီ။

ဟစ်တလာအား တိုးအောင်မြင်လွယ်စေသော အကြောင်းတရှိ၏။ ထိုအကြောင်းကား ပထမကမ္ဘာစစ်ကြီးပြီးသော အခါ ဂျာမနီသည်ပြန်၍ နာလန်မထူစေရန်၊ ဂျာမနီ လူမျိုး

အာလုံးမပေါင်းပါအောင်တနည်း တထေမ်းစားဖြင့်၊ ကြီးရလေသည်။ တိုးစကြီးမှာ၊ ဂျာမန်နှင့် ပြောစကြား အသားမပေါင်း ပါင်အောင် ရည်ရွယ်ချက်ထည်း ပါခေလသည်။ ထိုကြောင့် တိုင်းပြည်လေးပြည်တွင် လူများရဆိုသော၊ ရရမှာ ၄၇.၉ သန်းသာရှိ၍၊ လူနည်းရ ၂၂.၇ သန်း ရှိနေလေသည်။

| ပြည် | လူများရ | လူနည်းရ |
|---|---|---|
| ပိုလန် | ၁၇,၆၆၇,၀၀၀ | ၉,၅၄၇,၀၀၀ |
| ချက်ကိုစလို | | |
| ဇက်ကီးယား | ၈,၇၆၀,၀၀၀ | ၄,၈၄၄,၀၀၀ |
| ယူကိုစလဗီးယား | ၉,၉၇၁,၆၀၀ | ၂,၁၆၀,၀၀၀ |
| ရူမေနီးယား | ၁၁,၅၇၆,၀၀၀ | ၆,၂၄၀,၀၀၀ |

လူနည်းရတသန်းကျော်မျှသာရှိ၍၊ လူများရ ၁၂-ခကျော်ရှိသော ဗမာပြည်၌ပင် လူနည်းရအရေးသည် ဤမျှ ရှုပ်ထွေးလျှင်၊ အထက်ပါ အမျိုးအစားအတိုင်းရှိသောပြည်နယ်များတွင်ကား လူနည်းရအရေးသည် မည်မျှရှုပ်ထွေးနေလိမ့်မည်နည်း။ ထို့ပြင် အထက်ပါ လူနည်းရများတွင် ဂျာမန်လူမျိုးသာ များနေသည်ဟာစ်တတ်သည်၊ အခြားနိုင်ငံများ၌ ဂျာမန်လူနည်းရများကိုဖိနှိပ်၍ ပေးပြီးနိုင်ငံကို သိမ်းယူလေသည်။ တိုင်းပြည်တပြည်နှင့်တပြည်နယ်မှ

မိတ်တို့မှာလည်း။ ပထဝီအနေအထားအရ၊ ဘော
တောင်မြစ်တို့ဖြင့်ခြားနေသော နယ်နိမိတ်များမဟုတ်ဘဲ၊
စည်းမျဉ်း ကြောင်းထားသော နယ်နိမိတ်များ ဖြစ်သ
ဖြင့် ဟစ်တလာအား ရန်စဘို့လွယ်ကူလှသည်။ လူနည်းစု
ဂျာမန်များကိုနာဇီဝါဒသွင်းပြီးဟစ်တလာအတွက်ဖြည့်
အသီးသီးသို့လမ်းမတော်ကြီးများဖောက်ပေး စေလေ
သည်။

ဒန်းဇစ်မြို့မှာ ဂျာမန်လူမျိုးတို့နေသော မြို့ဖြစ်၏။ သို့ပင်
ဖြစ်သော်လည်း။ ဒန်းဇစ်ကို နိုင်ငံပေါင်းချုပ်လက်အောက်
တွင်ထားပြီးလွတ်လပ်သောမြို့တော်ဟူ၍ ရပ်ထူးနယ်ထူး
တရလုပ်ထားလေသည်။ ဟစ်တလာသည် ဒန်ဇစ်မြို့ရှိဂျာ
မန်များကိုအသုံးပြုပြီး။ ဒန်းဇစ်မြို့ကိုသိမ်းလေတော့သည်။

## (၁၀)

# ဘယ်သူမှားသလဲ။

“လိုကာနို့ စာချုပ် ကိုသူ သည် ရိုသေပါသည် ဟု ပြောခဲ့သည်။ ၎င်းနောက် သူ့စကားသူပျက် ပြန်သည်။ သူသည်ဩစတြီးယားကို မလိုချင် ပါ၊သိမ်းကျုံးလည်းမကြံရွယ်ပါဟုပြောခဲ့သည်၎င်း နောက်သူ့စကားသူပျက်ပြန် သည်။သူ သည်ချက် လူမျိုးများကို ဂျာမန်နယ်တွင်းသို့ မသွင်းပါဘူးဟု ဝံခံသည်၎င်းနောက်သူ့စကားသူပျက် သည်မြူးနစ် ကိစ္စပြီးသောအခါ သူသည် ဥရောပတွင် နယ် သိမ်းပိုက်ဖို့စကားဆိုစရာ၊ မရှိတော့ပါဘူးဟု ပြောခဲ့သည်၎င်းနောက်သူ့စကားသူပျက်သည်။ သူ သည်၊ ပိုလန်နယ်များကို မလိုသေးပါဟုပြော သည်။ ၎င်းနောက် သူ့စကားသူပျက်ပြန်သည်။ သူသည်နှစ်ပေါင်းများစွာကာ၊စဉ်ဘော်ရှီဗစ်ဝါဒ (ကော်မြူနစ်ဘုံဝါဒ)၏၊ ရန်သူအစစ်ပါဟုပြော ခဲ့သည်။ ထိုသော်ယခုအခါသူသည်၊ ဘော်ရှီ ဗစ်တို့၏မိတ်ဆွေဖြစ်နေသပြီ။

ဟုဗြိတိသျှ နန်းရင်းဝန်ကြီး ချိန်ဘာလိန်သည်၊

စက်တင်ဘာလ ၁ ရက်နေ့က ဂျာမန်လူမျိုးတို့အားသူတို့၏ခေါင်းဆောင် ဟစ်တလာ သဘွာခဲ့ပုံ ကို ရေဒီယိုဖြင့် ပြောကြားလေသည်။

ချိန်ဘာလိန် စွပ်စွဲချက် မှန်သလော၊ မှန်လှပေ၏။ ဟစ်တလာသည်၊ သစ္စာမဲ့ဂတိမတည်ပေ။

ဟစ်တလာ အဘယ့်ကြောင့် ရမ်းကားနေသနည်း။ အဘယ့်ကြောင့်သစ္စာမဲ့ဂတိမတည်ရသနည်း။

ကွန်နင်ဂိုကြည်ဘူတာရင်ပယ်ဖြင့် စစ်ဖြစ်ရသည့် အကြောင်းမှန်များကိုဖော်ပြခဲ့ပြီး ဥပမာ "အချို့မြင်းတို့သည်၊ ရှိထုန်ဒါးရင်းတိုးကြားပေါ်သို့ရောက်လျှင်၊ ရှုံးပိုင်းမှကြိုက်ဒါ၊ ရှုံးမပိုင်၊ တဲ့ ဖက်ဆွဲထားလျှင် စီးသူကို ခါချ၏။ ထို့အတူချိန်ဘာလိန်တို့ကဲ့သို့ခနရှင် လောကကြီးကို စီးသူတို့သည်စင်မြင်းကိုရှုံးပိုင်း၌ စီကြရမည်သာ" ဟု အခက်း(၁)ကကွန်နင်တို့ဆိုကဲ့သော စကားမှန်ပါသလား။ ဘယ်သူမှားသနည်း။ ဟစ်တလာ မှားသလော။ ချိန်ဘာလိန်မှားသလောဆိုသော မေးခွန်းကိုကား သင့်ဘာသာသင်ဖြေပါလေလော့။

ဘယ်သူမှားသည်ဘယ်ဝါမှားသည်ကို၊ ဆုံးဖြတ်ပြီးလျှင်အသင့်ဖြေနိုင်ရန်သို့ မေးခွန်းအမျိုးမျိုးကားတစ်ထွေခေါက်ထွေပေမည်။ စစ်တိုက်လျှင် ဘယ်သူက နိုင်မည်နည်း။ စစ်တယ်ရှည်ကြာမည်နည်း။ စစ်ပြီးလျှင် ကမ္ဘာကြီး ဘယ်လိုဖြစ်သွားမည်နည်း။ ဗြိတိသျှအင်ပိုင်ယာကြီး၊ စစ်အပြထွန်း၊ ပြဿနာကစစ်ပွဲတုန်းကကဲ့သို့ဘိုးဘက်ကြွယ်ဝပေါများ

ထဘမည်လော။ ဗမာတို့သည် ယခု စစ်ပွဲကိုဘယ်သို့ သဘောထားကြရမည်နည်း။ ဘာလုပ်ကြရမည်နည်း။

ဤစာအုပ်တွင် ကျွန်ုပ်ကား ဤမေးခွန်းများကို အဖြေမပေးလိုက်ပေ။ နောင်လည်း သင်တို့က မလိုအပ်ဘဲနှင့် အဖြေပေးလိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်ကား သူများမသိ သေးသည့်အချက်ကို ထင်မြင်ချက်ကို ဖော်ထုတ် ပေးခဲ့ဘူး ရာ ဂျောက်အမျိုးမျိုး ကျခဲ့ဘူး ဖူးပေပြီ။

သိန်းဖေ

၁၉-၉-၃၉

## အထူးသတိပြုပါ။

အမှန်ကို ရှင်းလင်းပြတ်သားစွာ မြင်လို ထင်လိုကြလျှင်သိန်းဖေရေး သောစာအုပ်များကိုအမြဲဖတ်ပါ။ ထပ်ဖတ်ပါ။ စောင့်ဖတ်ပါ။

# ကိုသိန်းဖေရေးသော စာအုပ်များ။

| စာအုပ်အမည် | ထုတ်ဝေသူ | အဖိုး။ |
|---|---|---|
| တက်ဘုန်းကြီး | (ကိုယ်တိုင်ထုတ်) | ၆ါ။ |
| ဆရာလွန်းအတ္ထုပ္ပတ္တိ | နဂါးနီ | ၁၆ါ။ |
| သပိတ်မှောက်ကျောင်းသား ပ-နှိ | နဂါးနီ | ၁၄· |
| မင်းတိုင်ပင် | ။ | ၃ါ။ |
| ဗမာပြည်နှင့်နယ်ချဲ့စနစ်၊ (ရိုက်ဆဲ) | တပ်မတော် | ၆ါ။ |
| မြှားမနှိုးရိုက်သာတေား (ရေးဆဲ) | ခေတ်သစ် | ၆ါ။ |
| ဓာ ဂဘာဝေ ချိန်ဘာလိန် ဆယ်သူရိုက်သာဝဲ | (ကိုယ်တိုင်ထုတ်) | ၆ါ။ |